www.burmeseclassic.com



သုတေသီသက်ထွန်းမြင့်

# ရွှေစွန်ပါသိုက်နန်းသို့ အပြန်

နှင့်

# တမလွန်ရေဆန်ခရီး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

သုတေသီ သက်ထွန်းမြင့်

# ရွှေစုန်ပါသိုက်နန်းသို့အပြန်
# နှင့်
# တမလွန်ရေဆန်ခရီး

ရွှေပဒုမ္မာစာပေ
၁၅၈(က)၊ ၃၇လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၁၁၇၈ ၊ ၀၉၇၃၀၄၉၅၆၇ ၊

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေကာလ — ၂၀၁၄ ၊ ဒီဇင်ဘာလ။

အုပ်ရေ — ၅၀၀ (ပထမအကြိမ်)

တန်ဖိုး —

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် — ဒေါ်တင်တင်ဌေး
ပန်းကြာခိုင်ပုံနှိပ်တိုက်(၀၄၆၈၁)
၁၅၈(က) ၃၇လမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသူ — ဦးကျော်မိုး(၀၃၇၆၅)
ရွှေပဒုမ္မာစာပေ၊ ၁၅၈(က) ၃၇လမ်း။
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖြန့်ချိရေး — ရွှေပဒုမ္မာစာပေ ။

သုတေသီ သက်ထွန်းမြင့်
ရွှေစွန်ပါသိုက်နန်းသို့အပြန်နှင့်တမလွန်ရေဆန်ခရီး ၊ သုတေသီသက်ထွန်းမြင့်။
ရွှေပဒုမ္မာစာပေ ၊ ၂၀၁၄ ။
၁၆၀- စာ၊ ၁၂ စင်တီမီတာ။ ၁၇ စင်တီမီတာ
ရွှေစွန်ပါသိုက်နန်းသို့အပြန်နှင့်တမလွန်ရေဆန်ခရီး ၊ သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

နိဒါန်း
သို့မဟုတ်
တစ္ဆေအကြောင်း သိကောင်းစရာ ၅
၁။ သိရိသုနန္ဒာ အသက်(၃၁)နှစ် ရွှေစွန်ပါသိုက်နန်းသို့အပြန် ၁၃
၂။ တစ္ဆေနှင့်တွေ့ဆုံခြင်း ၂၉
၃။ ကြောင်စုန်းနှင့် မှားသောဆုတောင်း ၄၂
၄။ ဝိညာဉ်မြူးတဲ့ လောကန္တာ ၅၄
၅။ ပန်းနုရောင်ရဲတိုက်ထဲက တစ္ဆေ ၆၇
၆။ တမလွန် ရေဆန်ခရီး ၇၆
၇။ သရဲခြောက်တဲ့အိမ် ၁၁၄
၈။ မြွေပြိတ္တာနှင့်တစ္ဆေ ၁၂၈
၉။ ကိုယ်တွေ့ တစ္ဆေ မှတ်တမ်း ၁၃၉
၁၀။ တစ္ဆေ ပူးကပ်ခြင်း ၁၅၅

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

## ဆိုဗဓဇာတ်

## တစ္ဆေအကြောင်း သိကောင်းစရာ

၁။

တစ္ဆေ၊ သရဲ၊ ပြိတ္တာ၊ မှင်စာဆိုသည့်အကြောင်းကို ကျွန်တော်တို့ငယ်စဉ်ကတည်းက ကြားခဲ့ရဖူးသည်။ တစ္ဆေ၊ သရဲ ဟူလျှင် ကျွန်တော်တို့ ကြောက်သည်။

သရဲ၊ တစ္ဆေဟူသည် ဘယ်လိုဟာမျိုးမှန်း မသိ။

သရဲဆိုသည်မှာ ကြောက်စရာကောင်းသည်။

ပြိတ္တာဆိုသည်မှာ နားရွက်တစ်ဖက်ခြုံ၊ တစ်ဖက်ခင်းအိပ် တတ်တဲ့အမျိုးဟု ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မြန်မာတော်တော်များများသည် အချိန်ကာလကြာသည်အထိ သရဲ၊ တစ္ဆေဟူလျှင် အကောင်အထည်မရှိဘဲ ကြောက်နေကြသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဤသို့ပင်။

သို့သော် ကျွန်တော်သည် စာပေသမားပီပီ သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့အကြောင်းကို စိတ်ဝင်တစား စူးစမ်းခဲ့သည်။ လူကြီးသူမ အချို့က "တစ္ဆေ၊ သရဲဆိုတာ မရှိဘူး။ စိတ်က ခြောက်လှန့်နေတာ" ဟု ပြောကြသည်။

ဒါကော အမှန်လား။

ကျွန်တော်သည် အသက်အရွယ်ရပြီး အသိဉာဏ်ကျယ်လာသည်နှင့်အမျှ တစ္ဆေ၊ သရဲအကြောင်းကို သေသေချာချာ စူးစမ်းဖြစ်ခဲ့သည်။

သည်အခါ ထူးခြားမှုများကို တွေ့ရ၏။

* * *

၂။

စင်စစ် တစ္ဆေဟူသည်မှာ 'ပြိတ္တာ'တို့အားခေါ်ခြင်းဖြစ်၏။

"တစ္ဆေဟုခေါ်ရသည်က လူတွေကို ခြောက်လှန့်တတ်တာကြောင့် တစ္ဆေလို့ ခေါ်တာ" ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုဆိုသော် တစ္ဆေဆိုသည်မှာ တဇ္ဇေတိဟူသည့် သဒ္ဒါကိုစွဲ၍ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ 'တဇ္ဇေတိ'ဟူသည့် အဓိပ္ပာယ်မှာ 'ကြောက်လန့်အောင် ခြိမ်းခြောက်သည်' ဟု အဓိပ္ပာယ်ရသည်။

စင်စစ် 'တဇ္ဇေ'အား မြန်မာတို့က ဆလိမ်နှင့်ရေးသားရာမှ ကာလကြာသည့်အခါ တစ္ဆေဟု တွင်ကျယ်လာသည်ဟု ယူဆရ၏။

အသေအချာ စဉ်းစားကြည့်လျှင် တစ္ဆေဟူသည်မှာ လူ့လောက၌ အမှန်တကယ်ရှိသောအမျိုးအစား ဖြစ်၏။

"တစ္ဆေကို လူတွေက လွယ်လွယ်ခေါ်နေကြတာက ပြိတ္တာတွေကိုပဲ။ ပြိတ္တာဆိုတာက အပါယ်လေးဘုံဖြစ်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံမှ ဖါဝင်တယ်။ လူ့ပြည်လူ့လောကမှာ တကယ်ရှိတယ်"

ဟု ပြောသည်။

လူတွေပြောသည့် သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့က လူ့ပြည်တွင်ရှိသည့် တောချုံပိတ်ပေါင်း၊ လိုဏ်ခေါင်း၊ တောင်စောင်းများတွင် ခိုလှုံနေကြသူများ ဆင်းရဲထူပြောစွာ ခံစားရသူများ...

"အဲဒီတစ္ဆေ၊ သရဲဆိုတဲ့အရာတွေက ဘာကြောင့် ဖြစ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းက သည်အကြောင်းကို သိချင်ကြသည်။ အမှန်ကိုဆိုသော် ထိုပြိတ္တာ၊ တစ္ဆေ၊ သရဲဆိုသူများက လူ့လောကတွင် ရှိနေကြပြီး လူ့လောကမှ ထွက်ခွာသွားကြသူများဟု ဆိုကြသည်။

ထိုသူများက လူပြည်လူ့လောကတွင်ရှိစဉ်က-

၁။ ငြူစူဝန်တိုခြင်းများသူများ

၂။ မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်း မရှိ၊ သူတစ်ပါးပေးကမ်းလှူဒါန်းသည်ကိုလည်း ဟန့်တားတားမြစ်၍ အန္တရာယ်ပြုသူများ...

ထိုသူများက သေလွန်ခြင်း၏ အခြားတစ်ဖက်၌ ပြိတ္တာ၊ တစ္ဆေ ဖြစ်ရ၏။ ထိုသူတို့က အကုသိုလ်ကြီးသူများ။

၃။

တစ္ဆေတို့အကြောင်းကို လေ့လာလျှင် တစ္ဆေဟူသည်ကား

၁။ အမြဲမပြတ် ထမင်း၊ ရေ ငတ်ပြတ်နေသူများ

၂။ အနှစ်တစ်ရာ၊ တစ်ထောင်၊ တစ်သိန်း ခံစားနေရသူ

၃။ ဘုရားတစ်ဆူနှင့်တစ်ဆူကြား ကာလပတ်လုံး ခံစားနေရသူ

၄။ ထမင်းတစ်လုတ်၊ ရေတစ်မှုတ် မစားမသောက်ရဘဲ ကြီးစွာ ခံစားနေရသူ

www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ပင် ပြိတ္တာ၊ တစ္ဆေတို့၏ခန္ဓာကိုယ်၌-

* အသားအသွေးမျှမရှိ အရေသာရှိသည့်။

* အလွန်မလှသောအဆင်းရှိသူ

* ကြောက်မက်ဖွယ်အဆင်းရှိသူ

ကျမ်းဂန်တို့အဆိုအရ ပြိတ္တာဘုံသည် ငရဲရှစ်ထပ်၏ အထက် လူ့ပတ်ဝန်းကျင်၌ တည်ရှိသည်ဟု အဆိုရှိ၏။ သို့နှယ် ပင် လူတို့၏အတွေ့အကြုံ ဝေါဟာရအမည်တို့တွင် တစ္ဆေ၊ မှင်စာ၊ အစိမ်းသရဲသဘက်၊ ဖုတ်၊ ကျွတ်၊ ဥစ္စာစောင့်၊ ရက္ခစိုး၊ ဘီလူး စသည်တို့အား ဆိုကြခြင်းဖြစ်သည်။

သို့နှယ်ပင် တစ္ဆေခြောက်ခြင်းနှင့်ပတ်သက်၍ လေ့လာ လျှင် အချို့က ကိုယ်ထင်ပြ၏။ အချို့က ညည်းညူကြလေ၏။ အချို့က အနံ့ပေး၏။ အချို့က ပူးဝင်၏။ အချို့က ခြောက်လှန့် ၏။

စသည်တို့အား တွေ့ရ၏။

ဤကဲ့သို့ပင် တစ္ဆေ၊ သရဲ၊ ပြိတ္တာတို့၏ခြောက်လှန့်ခြင်း နှင့်ပတ်သက်၍ လေ့လာလျှင်-

၁။ အခြောက်ခံရသူ ကံနိမ့်၍ အခြောက်ခံရခြင်း

၂။ နောက်ပြောင်ကျီစယ်လို၍ခြောက်ခြင်း

၃။ ချစ်ခင်၍ခြောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



၄။ အမျှအတန်းပေးဝေစေလို၍ခြောက်ခြင်း
၅။ စားသောက်လို၍ခြောက်ခြင်း
၆။ ဥစ္စာပေါလို၍ခြောက်ခြင်း
၇။ မှာထားလို၍ခြောက်ခြင်း
၈။ နှုတ်ဆက်လို၍ ခြောက်ခြင်း
၉။ သားမယားကို စွဲလမ်း၍ခြောက်ခြင်း
၁၀။ ဘုရားသံ၊ တရားသံကြား၍ မရှုတ်အောင်ခြောက်ခြင်း
စသည်တို့ ဖြစ်၏။

* * *

တစ္ဆေ၊ သရဲ စသည်တို့နှင့်ပတ်သက်၍ အလယ်တောရ ဆရာတော်နှင့်မန်လည်ဆရာတော်တို့ အဖြေက ရှင်းသည်။ ဆရာတော်တို့အဆိုအရ တစ္ဆေ၊ သရဲဆိုသည်မှာ လူမဟုတ်။

နတ်မမည်၊ တိရစ္ဆာန်ဟုလည်း မခေါ်။ ငရဲသားနှင့်လည်း မတူဟု ဆို၏။

မင်းကွန်းအလယ်တော်ရဆရာတော်နှင့် မန်လည်ဆရာတော်တို့၏အမေးအဖြေက ရှင်းနေ၏။

မေး။ ။ ပြောကြလျှင် လောကတွင် တစ္ဆေရှိသကဲ့၊
ခွေသိငဲ့လား၊ သိပါချင်ရှိပါလျှင်၊ တစ္ဆေဆိုတဲ့
သည်ပုဂ္ဂိုလ် ဘောင်သရုပ်ကို ဘဲ့ချိမ်းရုပ်လို့ကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ လောကတွင် ပြောကြားခြင်း၊ တစ္ဆေရှိသည် ဟု၊ ခွဲသိကျော်ကြား၊ မျိုးတူဆွေသည် တစ္ဆေ ရှိမည် မဟုတ်ဘူး။ မြေဖုတ်ကို တစ္ဆေဟု ပြော ကြတယ်၊ လောကလူအများ။

ဆရာတော်၏အဆိုအရ တစ္ဆေဟူသည် ဖုတ်၊ ပြိတ္တာ ဖြစ်သတည်း။

မှန်သည်။

သရဲ၊ တစ္ဆေ၊ ပြိတ္တာဟူသည်က အကုသိုလ်အကျိုးဆက် နှင့် မကောင်းမှုနှင့် မကောင်းဒဏ် ခံစားရခြင်းသရုပ်ဟု သိရ၏။

လောက၌ တစ္ဆေသရဲဟူသည်မှာ ရှိသည်ဖြစ်သဖြင့် တစ္ဆေ၊ သရဲတို့အကြောင်းအား လူအများ သိစေချင်သဖြင့် ကျမ်းနှင့်ညှိ၍ ရေးသားခြင်းဖြစ်ပေသတည်း။

စာဖတ်သူတို့ရဲ့
ကောင်းမှုတောင်းဆုပြုပါစေ...
သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သမီးရုပ်နေကြ
ပြတင်းပေါက်မှ ရပ်ကြည့်လိုက်တော့
မြွေတစ်ကောင် ပါးပြင်းထောင်နေသည်ကို တွေ့သည်။
ဒါက သမီးက နှုတ်ဆက်တာလား။
သိရိသုနန္ဒာ အသက် (၃၁)နှစ်
ရွှေစွန်ပါသိုက်နန်းသို့ အပြန်...

www.burmeseclassic.com

www.burmeseclassic.com



# သိရိသုနန္ဒာ အသက် (၃၁)နှစ်

## ရွှေစွန်ပါသိုက်နန်းသို့အပြန်

၁။

“ပြောလို့ပြောတာ မဟုတ်ဘူး မောင်။ တကယ်ကို ချစ်စရာကောင်းတဲ့ မိန်းကလေးပါ။ အသားကလေးက ဝါဝင်းဖွေးနုနေတယ်။ အစိမ်းရောင်ဝတ်စုံလေးနဲ့ လိုက်ဘိမှ လိုက်ပဲ။ ပြီးတော့ စပယ်တင်မှဲ့လည်းပါသေးတယ်။ သူ ကလေးက အေးကို အမေလို့ခေါ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဇနီးက ကျွန်တော့်ကို နှုံးပြောသည်။ ကျွန်တော့်ဇနီး ဘာ ဒီလိုပဲ။ ဘာမှထိန်ချန်သူမဟုတ်။ သူ့အတွက် ပျော်စရာဆို လည်း ပျော်သည့်အလျောက် ပြောသည်။

ဝမ်းနည်းစရာဆိုလည်း "စိတ်မကောင်းပါဘူး… မောင်ရယ်" ဆိုပြီး ဝမ်းနည်းစရာစကားကို စီကာပတ်ကုံး ပြောပြသည်။

ယခုလည်း သူ အိပ်မက်မက်သည့်အတွက် သူပျော်နေ သလို ကျွန်တော့်ကို နှုံးပြောသည်။ ကျွန်တော်က ပြုံးပြီး-

"ချစ်စရာကောင်းတဲ့ သမီးအရွယ် မိန်းကလေးက အမေခေါ်လို့ သိပ်ပျော်နေတယ်မဟုတ်လား။ ဒါဆို သမီးလေး မွေးဦးလေ"

"မွေးချင်တာပေါ့ မောင်ရယ်၊ သားတွေရှိပြီးတော့ သမီး လိုချင်တယ်။ ဒါကြောင့် ချစ်စရာသမီးအရွယ်ကလေး က အမေခေါ်လို့ ကျေနပ်တယ်။ ပျော်တယ်။ ဒါ့ကြောင့်လည်း အဲဒီသမီးကလေးက အမေတို့အိမ် ကလေး အေးချမ်းလို့ အမေတို့နဲ့အတူ နေချင်လို့ပြော တယ်"

"ဒီတော့ အေးက ဘာပြောလိုက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးလာနေရင် အမေ ကြိုနေမှာပေါ့လို့ ပြောလိုက်တယ်။ အမေရယ် ပျော်လိုက်တာလို့ ပြောတယ်။ ကျွန်မရင်ထဲမှာလည်း ခုထိ ပျော်နေတယ်"

"ဒါဖြင့် အေး ပျော်နေတယ်။ ဒါဟာ သမီးကလေးရဖို့ နိမိတ်လည်း ဖြစ်ချင်ဖြစ်နေမှာ"

ဟုပြောတော့ အေးက ပြုံးသည်။ အေး အပြုံးကိုမြင်တော့ ကျွန်တော်လည်း ပျော်ခဲ့သည်။

တစ်နေ့ အေးက သူ့တွင် ကိုယ်ဝန်ရှိနေကြောင်း၊ ပျော်သည့်အကြောင်း ပြောသည်။

"မောင်...မပျော်ဘူးလား"

"မောင်နဲ့အေးက နှစ်ကိုယ့်တစ်စိတ်လေ။ အေး ပျော်ရင် မောင် ပျော်တာပေါ့"

ကျွန်တော် ပြုံးကြည့်လိုက်သည်။

"ဒီတစ်ခါ အေး မိန်းကလေး မွေးမယ်ထင်တယ်။ သမီးကလေးဖြစ်ရင် သိပ်ကောင်းမှာပဲ"

ဟု ပြောသည်။ အိပ်မက်ထဲမှ မိန်းကလေးကို အေး ...လမ်းနေပြီဟု ကျွန်တော် သိလိုက်သည်။ ဒါက လူ့သဘာဝ ...င်း၊ ပြောရလျှင် ကျွန်တော်တို့တွင် သားနှစ်ယောက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေးတစ်ယောက်ရှိလျှင် ပြည့်စုံပြီဟု ဆိုနိုင်သည်။

ပြီးတော့ ဒီကိုယ်ဝန်သည် ထူးခြားသည့်ကိုယ်ဝန် ဖြစ်ခဲ့သည်။ သမီးကလေးကိုယ်ဝန်စရသည့်အချိန်တွင် ကျွန်တော် စီးပွားရေးလည်း သိသိသာသာ ဦးမော့ခဲ့သည်။

ကျွန်တော် စာအုပ်တွေ ထွက်နိုင်ခဲ့သလို ကျွန်တော့် စာအုပ်တွေအား ဗီဒီယို ဝယ်ယူမှုရှိလာသည်။ ထို့ကြောင့် လူတိုင်းက "ဒေါ်အေးအေးဝင်းရဲ့ဒီကိုယ်ဝန်က အကျိုးပေးတဲ့ ကိုယ်ဝန်ပဲ"ဟု ပြောသည်။

မှန်သည်။ ထိုကိုယ်ဝန်က မိဘတွေကို အကျိုးပေးခဲ့သည်။ ကိုယ်ဝန်ချိန်တစ်လျှောက်လုံး အခက်အခဲဟူသည် မရှိခဲ့။

ပို၍ထူးခြားသည်က ထိုကလေး ကိုယ်ဝန်ယူထားစဉ် ကာလတစ်လျှောက်လုံး အေးသည် မကြာခဏ မြွေတွေ့ခဲ့သည်။

တစ်ခါကမူ အိမ်တွင်းသို့ ငန်းမြွေတစ်ကောင်ဝင်လာပြီး ထိုမြွေဝင်လာပြီးနောက်ပိုင်း ငွေအလုံးအရင်းနှင့်ဝင်ခဲ့သည်။

ဒီလိုနှင့် သူ့ကို မွေးခဲ့သည်။

တစ်ည အေး အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲ၌ ပထမအိပ်မက်မက်စဉ်က တွေ့ခဲ့သည့်မိန်းကလေးနှင့် ဆင်တူသည့်မိန်းကလေးတစ်ဦးနှင့် တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက-

"ညီမလေးနာမည်ကို သိရိသုနန္ဒာလို့ မှည့်နော်။ သူက ကျွန်မညီမလေး"

ဟု ပြောသည်။ ထို့နောက် သူ့ကို မွေးသည်နှင့်-

"ဒီကလေး ထူးခြားတယ်"

ဟု ကျွန်တော် သိသည်။ ထိုကလေးကိုလည်း အိပ်မက်ရှင်ပြောသည့်အတိုင်း သိရိသုနန္ဒာဟု အမည်ပေးသည်။

ကလေးမွေးသည့်နေ့က ဗဟိုအမျိုးသမီးဆေးရုံ၌ မွေးပြီး ဇနီးအတွက် ကျွန်တော် စားသောက်စရာသွားပို့တော့ ဇနီးက ပြုံးကြည့်ပြီး-

"အိပ်မက်ထဲက သမီးကလေးကို မောင် မြင်ရလိမ့်မယ်။ မောင် သမီးလေးမျက်နှာမြင်တော့ အေး သိပ်ပျော်သွားတယ်။ သူ့မျက်နှာပေါ်မှာ စပယ်တင်မှဲ့ကလေးပါနေတယ် မောင်"

ဟု ပြောသည်။

"အေး ကျေနပ်တယ်မဟုတ်လား"

ဟုမေးတော့ ပြုံးသည်။ သူ့အပြုံးနှင့်အတူ ထူးခြားမှုတစ်ခု ကျွန်တော်တို့မိသားစု ကြုံနေပြီဟု သိသည်။ နောက်နေ့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေအား ကြည့်ခွင့်ရ၍ကြည့်တော့ စပယ်တင်မဲ့ကလေးနှင့် သမီးကို ပီပြင်စွာ မြင်ရသည်။

ချစ်စရာသမီးကလေး…

ချစ်စရာသမီးကလေး…

* * *

၃။

တစ်နေ့…

ကျွန်တော့်ဦးကြီးတော်သူ ဦးသီဟ ကျွန်တော်တို့အိမ်သို့ ရောက်လာသည်။ ဦးကြီးက အထက်လမ်းလိုက်နေသူ ဖြစ်သည်။

ဦးကြီးက သမီးကိုကြည့်ရင်း-

"မြင့်နောင်ရေ…မင်းရဲ့သမီးက သာမန်မဟုတ်ဘူးကွ။ ကြည့်ရုံနဲ့ သိုက်ဆက်ဆိုတာ သိတယ်။ သူ့ကို ပဲခူးဘက် ခေါ်မသွားနဲ့"

ဟု ပြောသည်။ ဦးကြီးပြောသည်မှာ ဟုတ်မဟုတ် ကျွန်တော် မသိသော်လည်း သမီးမွေးပြီးသည်နောက်ပိုင်း ထူးခြားမှုများစွာ ကြုံတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ အိမ်အနီးတွင် မြွေတွေ တွေ့သည်။ သမီး အတွက် ရည်ညွှန်းလိုက်လျှင် ဘာမျှမဖြစ်သည်မရှိ။ သမီး တဖြည်းဖြည်း အရွယ်ရောက်လာတော့ သမီးကိုယ်ဝန်မရမီ အေး အိပ်မက်မက်သည့်အကြောင်း သတိရသည်။

အိပ်မက်မက်စဉ်က ပြောပြသည့် သမီးရုပ်သွင်နှင့် ယခု သမီးရုပ်သွင်က တစ်ပုံစံတည်း ဖြစ်နေသည်။

တစ်ခုရှိသည်က သမီး ကျန်းမာရေးသည် ပြည့်စုံခြင်းမရှိ။ သမီးတွင် အတက်ရောဂါ ရှိသည်။

ထို့ကြောင့် သမီးကို ကျောင်းမထားနိုင်။ သူ စာတတ် စေရန် ဆရာ အိမ်ခေါ်သင်ရသည်။ သမီးဘဝတစ်လျှောက်လုံး သည်း ပြည့်စုံမှုအတိနှင့်ပင်။

သမီးက လစဉ် အဝတ်အစားဝယ်နိုင်သည်။ သူလိုချင် သည်ဆိုလျှင် မရမရှိ။ လိုတာရသည်။

သူက မိသားစုထဲ၌ ထူးခြားသည့်သမီးဖြစ်သကဲ့သို့ သမီး တစ်ယောက်တည်းရှိသဖြင့် အချစ်ပိုကြသည်။ အမေကဆို သမီး ဆို ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားသည်။

အိမ်၏အပေါ်ထပ်တွင် သီးသန့်ထားသည်။ အရွယ်ရောက် သော် ဘုရားတရား ရှိသေကိုင်းရှိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးက ဘုရားဝတ်ပြု၊ ပုတီးစိပ်နှင့် အချိန်ကုန်သည်။

တစ်ခါတစ်ရံ ညဘက် ကျွန်တော် တစ်ရေးနိုးလျှင် သမီး အသံကြားသည်။ တစ်ခါမဟုတ်။ ခဏခဏ။

"ငါ့ကို စိတ်ချပါ။ ငါ့မှာ အန္တရာယ်မရှိပါဘူး။ ငါ လွတ်လွတ်လပ်လပ်နေပါရစေ"

ဟူ၍ ဖြစ်သည်။

ကျွန်တော် မသင်္ကာ၍ တက်ကြည့်တိုင်း သမီး အိပ်နေ သည်ကိုချည်း တွေ့သည်။ ထို့အတူ တစ်ခါက အေးကို သမီးက သူ့ဘဝအကြောင်း ပြောပြသည်။ သည်အကြောင်းကို အေး ပြန်ပြောပြသဖြင့် ကျွန်တော် သိရသည်။

"ဟုတ်တယ် မောင်...သမီးပြောပြတာ သမီးက သိုက်ကလာတာတဲ့။ သူ့မှာ အမေကြီးရှိတယ်လို့ ပြော တယ်။ သူ့ကို အမေကြီးက စိတ်မချလို့ အပြင်မသွား အောင် ရောဂါရှင်အဖြစ်ထားတာ။ သူ့နားမှာ အစောင့် အမြဲရှိတယ်လို့ ပြောတယ်"

ဟု ပြောပြသည်။

သည်တော့ တစ်ခါက သမီး အပေါ်ထပ်ပြတင်းဝ ရပ်နေစဉ် ကျွန်တော် အပေါ်တက်ခိုက် ကျွန်တော့်ကိုခေါ်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"အဖေ...အဖေ...ဟိုမှာကြည့်စမ်း...သမီးကို စောင့်ကြည့်နေတဲ့ မြွေကလေး။ သမီးကို ကြည့်ပြီး ပြုံးပြနေတယ်"

ဟု ပြောသဖြင့် ကျွန်တော် ကြည့်ရာ ပါးပြင်းထောင်နေသည့် မြွေကလေးတစ်ကောင်ကို တွေ့သည်။

မြွေကလေးက ပါးပြင်းထောင်ပြီး ငြိမ်နေသည်။

* * *

၄။

တစ်နေ့...

ဦးကြီးက ကျွန်တော့်ကို ခေါ်တွေ့သည်။ ခေါ်တွေ့သည့် အကြောင်းက သမီးနှင့်ပတ်သက်သည်။

"တခြားတော့မဟုတ်ဘူး မြင့်နောင်။ ငါ မင်းကို ခေါ်တွေ့ရတာက မင်းရဲ့သမီးနဲ့ပတ်သက်လို့ပဲ။ ငါ အာရုံခံတွက်ကြည့်လိုက်တော့ မင်းရဲ့သမီးဟာ သိုက်က ဆိုတာ အမှန်ပဲ"

ဟု ပြောသည်။ ကျွန်တော် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။ ဦးကြီးက-

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် မင်းကို ပုဂ္ဂိုလ်တစ်ဦးနဲ့ တွေ့ပေးချင်တယ်" ဟု ပြောသည်။

"ဒါဆို တွေ့ပေးလေ"

ထို့နောက် တစ်ပတ်ခန့်အကြာ ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ပေးသည်။ ထိုပုဂ္ဂိုလ်က အသက် (၅၀)ခန့်ပ ဥပမိရုပ်ကောင်းကောင်း ဖြစ်သည်။

သူက သမီးကိုကြည့်ကာ တွက်ချက်ပြီး ကျွန်တော်နှင့်ဇနီးအား ကြည့်ပြီး–

"ဟုတ်တယ် ဆရာ…ဆရာတို့သမီးဟာ သိုက်ဆက်ပဲ။ သူ အသက်(၃၁)နှစ်မှာ သိုက်နန်းပြန်ရမယ်။ သူတို့က ရွေးစွန်ပါသိုက်ကလေ။ သူတို့မှာ ညီမနှစ်ယောက်ပဲ ရှိတာ။ သိုက်မှာ ကျန်ခဲ့တာက အစ်မကြီး။ သူ့ညီမတို့ လုံးဝ စိတ်ချတာမဟုတ်ဘူး"

ဟု ပြောသည်။ ဇနီးက "ဒါဆို ကျွန်မတို့ ဘာလုပ်ရမလဲ" ဟု မေးသည်။ ပုဂ္ဂိုလ်က–

"သိုက်ကြိုးဖြတ်ရမယ်။ ဒါမှဖြစ်မှာ။ နို့မို့ရင် သူ အသက် (၃၁)နှစ်မှာ သိုက်က ပြန်ခေါ်မှာပဲ။ အခု သမီးအသက် ဘယ်လောက်ရှိပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အသက် (၃၀)ရှိပြီ"

"နောက်ပိုင်းကိစ္စက ဆရာတို့ကိစ္စပဲလေ။ လုပ်ဆိုရင် ကျွန်တော် လုပ်ပေးမယ်"

ကျွန်တော် ဘာမှမပြောခဲ့။ ရိုးသားစွာ ဝန်ခံရလျှင် သည်စဉ်က ကျွန်တော် စိတ်မပြတ်သေး။ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။

* * *

"ငါ့ကို အတင်းအကျပ် မခေါ်နဲ့လေ။ အချိန်တန်ရင် ငါ ပြန်လာမှာပါ"

ဟုပြောသံများ မကြာခဏ ကြားနေရသည်။ တစ်ခါတစ်ရံ "အမြဲတမ်း ငါ့ကို စောင့်ကြည့်မနေကြပါနဲ့။ ငါ အနေအျပ်တယ်။ အချိန်တန်ရင် ငါ ပြန်လာမှာပါ" ဟုလည်း ကြားရသည်။

ကျွန်တော် အပေါ်ထပ်သို့ တက်ကြည့်လျှင် တစ်ခါတစ်ရံ သမီးက အိပ်နေပြီ။ တစ်ခါတစ်ရံ သမီး ထိုင်နေသည်ကို တွေ့သည်။

တစ်ခါတစ်ရံ သမီး ထိုင်နေသည်ကိုတွေ့၍-

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဟုမေးလျှင် "သမီး ဘယ်သူနဲ့မှ စကားမပြောပါဘူး အဖေ" ဟု ဖြေသည်။

သည်လိုနှင့် အချိန်တွေကြာခဲ့သလို ကျွန်တော့်အိမ်အနား တွင် မြွေတွေ မကြာခဏ တွေ့သည်။ မြွေတွေက အဆိပ်ရှိ သည့်မြွေများဖြစ်သော်လည်း မည်သူ့ကိုမျှ ရန်ရှာသည်မရှိ။

ခက်သည်က ကျွန်တော် ဘာလုပ်သင့်သည် မသိသေး။

မှတ်မှတ်ရရ အသက် (၃၀)ပြည့်ရန် ရက်ပိုင်းအလိုတွင် သမီး မည်သူနှင့်မျှ စကားမပြောတော့။ အိမ်ပေါ်မှလည်း မဆင်း တော့။

"သမီး နေမကောင်းဘူး" ဟုပဲ ပြောသည်။

ညတိုင်းမှ-

"ငါ လာမယ်လို့ ကတိပေးပြီးပြီလေ။ ငါ့ကို ပြန်လာဖို့ ချည်း ပြောမနေနဲ့"

"ငါ့ကို အတင်းအဓမ္မခေါ်ဖို့ မလုပ်နဲ့နော်"

"ငါ လာမယ်။ ငါ ပြန်လာမယ်။ နင်တို့ စောင့်နေနဲ့"

"သွား...သွားကြ"

သို့နှယ် စကားသံတွေ ကြားနေရသည်။ တက်ကြည့်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



သမီး ထိုင်နေသည်ကိုပဲ တွေ့ရသည်။

တစ်ည…

"အမေ အဖေ…သမီး မနေရတော့ဘူး။ သမီး သွားရတော့မယ်။ သမီးကို ခွင့်လွှတ်ပါ"

ဟု ပြောသံကြားသည်။ ကျွန်တော်တို့ အပေါ်ထပ် တက်ကြည့်တော့ သမီး အိပ်လျက်…

"သမီး"

"သမီး"

ကျွန်တော်နှင့်အေး သမီးနားသို့ရောက်တော့ သမီး ငြိမ်သက်နေသည်။ သမီးနှာခေါင်းဖျားမှ လေတိုးသံကို ကြည့်တော့ အသက်မရှူတော့။ သမီး သေပြီ။

ထိုစဉ် မြွေတွန်သံကျယ်ကျယ်ကြားသဖြင့် ကျွန်တော် ထကြည့်လိုက်ရာ အိမ်ရှေ့ခန်းဝမှ မြွေတစ်ကောင် လူးလွန့်ထွက်သွားသည်ကို တွေ့ရသည်။

ကျွန်တော် ပြက္ခဒိန်ကိုကြည့်လိုက်တော့ အံ့ဩရသည်။ ဒီကနေ့က သမီး (၃၁)နှစ်ထဲရောက်သည့်နေ့…

သမီး သိုက်နန်းသို့ ပြန်သွားပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



၅။

သမီးအသုဘကိစ္စပြီးတော့ ဇနီးက သမီးအဝတ်အစား သေတ္တာ ရှင်းသည်။

သည်မှာ အံ့သြစရာကြုံရပြန်သည်။

သမီး အဝတ်အစားတစ်စုံ ထုတ်ပြီးခါလိုဖုတ်တိုင်း တစ်ထောင်တန်အသစ်တွေ ကျလာသည်။ အဝတ်တစ်ထည်တွင် မဟုတ်။

အဝတ်ခေါက်တိုင်းတွင်းမှ ငွေစက္ကူတွေ ကျလာသည် တည်း။

ဇနီးက ငွေစက္ကူတွေ ထပ်ရင်းငိုသည်။

"ဒီငွေတွေကို အားလုံး ဘုရားအမှူးပြုတဲ့ သံဃာတွေ လှူလိုက်ပါ"

ဟု ကျွန်တော်က ပြောလိုက်သည်။ သမီးရက်လည်၌ ငွေအားလုံး လှူလိုက်သည်။ ပြီးတော့ သမီးအတွက် ရည်စူး အလှူဖြစ်သဖြင့် ရေစက်ချအမျှဝေသည်။

"သမီး သိရှိသုနန္ဒာရေ...အမျှ...အမျှ...အမျှပါကွယ်။ သမီး ရောက်ရာဘဝက သာဓုခေါ်နိုင်ပါစေ"

ကျွန်တော် အမျှဝေ သာဓုခေါ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်တော့်သမီးရပ်နေကြ ပြတင်းပေါက်မှ ရပ်ကြည့်လိုက်တော့ မြွေတစ်ကောင် ပါးပြင်းထောင်နေသည်ကို မြင်သည်။

ဒါ့ကြောင့် သမီးက နှုတ်ဆက်တာလား။

သမီးရေ…အမျှ…အမျှ…အမျှယူပါ။

သာဓု…သာဓု…သာဓု…။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတွေ့လျှင်
ကျွန်တော် အံ့ဩသွားသည်။
သူ့အရပ်က ရှည်လွန်းပါ၏။
သူက ကျွန်တော့်ရှေ့တွင် ပျောက်သွားသည်။
သရဲခြောက်ခံရပြီဟု သိလိုက်သည်။



## တစ္ဆေနှင့်တွေ့ဆုံခြင်း

လူတိုင်းတွင် ထူးခြားသောဖြစ်စဉ်များနှင့် မမေ့နိုင်စရာ အဖြစ်များသည် ရှိစမြဲဖြစ်၏။ ကျွန်တော်ကိုယ်တိုင်လည်း လူသား တစ်ဦးဖြစ်သည့်အတွက် ကျွန်တော့်ဘဝတွင် ထူးခြားဖြစ်စဉ်များ နှင့် မမေ့နိုင်စရာအဖြစ်များသည် ရှိခဲ့၏။

ထိုသို့သော ထူးခြားဖြစ်စဉ်များနှင့် မမေ့နိုင်စရာအကြောင်း အပြစ်များအား နေရာဒေသနှင့်ခွဲ၍ ပြောရမည်ဆိုလျှင် နေရာ ဒေသအလိုက်ရှိနေသည်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေနှင့်တွေ့ဆုံခြင်း

လူတိုင်းတွင် ထူးခြားသောဖြစ်စဉ်များနှင့် မမေ့နိုင်စရာ အဖြစ်များသည် ရှိစမြဲဖြစ်၏။ ကျွန်တော်ကိုယ်တိုင်လည်း လူသား တစ်ဦးဖြစ်သည့်အတွက် ကျွန်တော့်ဘဝတွင် ထူးခြားဖြစ်စဉ်များ နှင့် မမေ့နိုင်စရာအဖြစ်များသည် ရှိခဲ့၏။

ထိုသို့သော ထူးခြားဖြစ်စဉ်များနှင့် မမေ့နိုင်စရာအကြောင်း အဖြစ်များအား နေရာဒေသနှင့်ခွဲ၍ ပြောရမည်ဆိုလျှင် နေရာ ဒေသအလိုက်ရှိနေသည်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် ကျွန်တော်သည် လှိုင်သာယာမြို့တွင် အခြေချနေထိုင်သူဖြစ်သဖြင့် လှိုင်သာယာနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်နှင့် မမေ့နိုင်စရာ တသီးတသန့် ရေးပြလိုစိတ် ရှိခဲ့သည်။

ထို့အတူ ကျွန်တော် ရေးပြမည့်အကြောင်းသည် အခြားလူအတွက် မဆန်းသောကိစ္စဟု ဆိုချင်ဆိုကြမည်ဖြစ်သော်လည်း ကျွန်တော့်အတွက်မူ ထူးခြားဖြစ်စဉ် တစ်ခုဖြစ်သကဲ့သို့ မမေ့နိုင်စရာအဖြစ်ဟုဆိုလျှင်လည်း မှားမည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော် ကြုံတွေ့ရသည်အဖြစ်သည် ကျွန်တော့်အား ခေါင်းနားပန်းကြီးစေပြီး ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရသောကြောင့် ဖြစ်သည်။

ပြောရလျှင် ကျွန်တော် ကြုံတွေ့ရသည့်အဖြစ်သည် တစ္ဆေခြောက်ခံရသည့်ညမှအဖြစ် ဖြစ်နေသောကြောင့်တည်း။

* * *

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းဘဝနှင့် နေရာအနှံ့ရောက်ခဲ့သလို အဖြစ်အပျက်များစွာ၊ အတွေ့အကြုံများစွာနှင့် ယှဉ်ပါး ထိတွေ့ခဲ့သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သရဲခြောက်သည်ဆိုသည့်အိမ်များ၊ ဘိုတဲများတွင် နေခဲ့ဖူး၏။ ကျွန်တော်ကိုယ်တိုင် သရဲတစ္ဆေကို မယုံကြည်သူဖြစ်သကဲ့သို့ ကြောက်လည်းမကြောက်ခဲ့သလို အခြောက်လည်း မခံစားခဲ့ဖူးပါ။

တစ်ခုရှိသည်က နိုင်ငံ့ဝန်ထမ်းဘဝတွင် ကျင်လည်စဉ်က ကျွန်တော်သည် အရက်ကို ရေသောက်သလိုသောက်သူ ဖြစ်၏။ အစဉ်အမြဲ ရီဝေဝေနှင့် မူးနေသူဖြစ်၏။ ယင်းသို့ မူးနေသဖြင့် ခြောက်သည်ကို မသိသည်လား။ တစ္ဆေသရဲက ကျွန်တော် မကြောက်မှန်းသိသဖြင့် အချိန်ကုန်ခံမခြောက်သည်လား မသိပါ။

ကျွန်တော် ကချင်ပြည်နယ်တွင် တာဝန်ကျခိုက် မိုးကောင်းဘိုတဲသို့ တာဝန်နှင့်ရောက်စဉ် ကျွန်တော့်မိတ်ဆွေများအား ဘိုတဲမှရှိနေသော သရဲက ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ခြောက်ပြသည်ကို ခံခဲ့ရသော်လည်း ကျွန်တော် အခြောက်မခံခဲ့ရပါ။

ထို့ကြောင့် အခြောက်ခံရဖို့ကို ပြောသူတိုင်းအား-

"သွားစမ်းပါကွာ…မင်းတို့စိတ်က မင်းတို့ကို ခြောက်နေတာပါ။ ငါ မယုံဘူး။ ငါ့ကို ခြောက်စမ်းပါ။ အေး… သရဲမတော့ မဖြစ်စေနဲ့နော်။ ငါက ဖက်နမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာ”

ဟုပြောပြီး ဟားတိုက်ရယ်ခဲ့သည်။ မိုးကောင်းဘိုတဲတွင် သုံးရက်နေခဲ့သော်လည်း ကျွန်တော် တစ္ဆေအခြောက်မခံခဲ့ရပါ။

ကျွန်တော့်ဘဝသက်တမ်း အချိန်များစွာတွင် တစ္ဆေအခြောက်ခံရခြင်းလည်း မရှိသဖြင့် တစ္ဆေသရဲကို မကြောက်သလို၊ ယုံလည်း မယုံခဲ့ပြီ။

ကျွန်တော် တစ္ဆေခြောက်မခံခဲ့ရဖူးပါ။ စကားနှယ် တစ္ဆေသရဲ မယုံသော၊ မကြောက်သောသူအား သရဲတစ္ဆေက မကြောက်မှန်းသိ၍ မခြောက်သည်လား မသိပါ။

မည်သို့ဆိုစေ ကျွန်တော် နိုင်ငံ့ဝန်ထမ်းဘဝမှ အနားယူပြီး လှိုင်သာယာသို့ရောက်ချိန်တွင်မှ ကျွန်တော် မယုံခဲ့သော အခြောက်မခံရသော တစ္ဆေအခြောက်ခံလိုက်ရ၏။

ထို့ကြောင့် ကျွန်တော် ထိုအဖြစ်အား မမေ့နိုင်စရာအဖြစ်ဟု ကျွန်တော့်ဘဝသမိုင်းတွင် မှတ်တမ်းတင်ခဲ့၏။

တစ္ဆေခြောက်သောည…

တစ္ဆေခြောက်သောည…

* * *

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၀ ပြည့်နှစ်...

ထိုအချိန်က လှိုင်သာယာသည် ခါးသီးကြမ်းတမ်းလှသည်ဟု ဆိုရမည်။ လမ်းပန်းဆက်သွယ်ရေးသည် မကောင်းသေး။

ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားဟူသည့် တံတားများလည်း မရှိသေး။ ကပရတီအားကားစုတ်တွေ၊ ဖွတ်ချက်ဖွတ်ချက် ဒိုင်နာကားစုတ်ကားဟောင်းတွေပဲ ရှိသည်။

လူတွေက လှိုင်သာယာတွင်နေသော်လည်း လုပ်ငန်းက ရန်ကုန်တွင်ရှိသဖြင့် မနက်မိုးလင်းလျှင် ဗဒံထိပ် (ထိုစဉ်က လင်မျှော်ကုန်းဟု ခေါ်သည်) သို့ ပြေးရသည်။

ကားတိုးစီးရသည်။

ဘတ်စ်ကား စီးသွားနိုင်သည်။ (တံတားပြီးတော့ သင်္ဘောရှိတော့) သို့မဟုတ် အင်းစိန်ဘက်ကမ်းသို့ ဇက်နှင့်ကူးရသည်။ သို့မဟုတ် သမ္ဗာန်နှင့်ကူးရသည်။

ဇက်က ခု ၉ နာရီထိ နောက်ဆုံးဆွဲသည်။ သင်္ဘောကသည်း ကြည့်မြင်တိုင်ဆိပ်ကမ်းမှ ည ၉ နာရီ နောက်ဆုံးဆွဲသည်။ လှိုင်သာယာသင်္ဘောရေဆန်ဆို ည ၁၀ နာရီကျော်မှ ရောက်သည်။ ကားက မရှိ။ ရှိလျှင်လည်း တိုးရသည်။

ကျွန်တော်သည် ဘယ်တော့မှ သင်္ဘောမမီ။ ဇက် မမီ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှ အင်းစိန်၊ အင်းစိန်မှ အင်းစိန်ကမ်းနား။ ပြီးတော့ သမ္မာန်စီးရသည်။ သာယာကုန်းသင်္ချိုင်းကို ဖြတ်ရသည့်အကြိမ်လည်း မနည်းခဲ့။

လှိုင်သာယာဇက်ဆိပ်မှ ကျွန်တော်နေသည့် ဘီအိုစီသို့ လမ်းလျှောက်ရသည်က များသည်။

ကျွန်တော် မှတ်မိနေသေးသည်။

ထိုညက နွေတစ်ည။

တိတိပပဆိုရသော် လပြည့်ညတစ်ည…

သို့သော် ဘယ်လပြည့်ညဖြစ်သည်ကိုမူ ကျွန်တော် မသိ။

ကျွန်တော် သိသည်က လက ပြည့်ဝန်းသည်။ ထိန်ထိန်သာနေသည်။ လ၏အစက်အပြောက်များက ငွေနှင်းရည်စက်တို့ ဖျန်းပက်ထားသလိုပင်။

ကျွန်တော်သည် ထုံးစံအတိုင်း ပေတစ်ရာလမ်းမအတိုင်း ခပ်မှန်မှန် လျှောက်လာသည်။

လရောင်က ရွှန်းလက်နေသလို လေပြည်က နှောင်းလျက်။ ဘယ်က ဘယ်လေပြည်နှင့် အပျော်ကြူးလာသည်မသိသည့် ညမွှေးပန်းရနံ့က သင်းပျံ့နေ၏။

"ချစ်သူလာသောညက ရွှေလသာပါတယ်…ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



မလာသော ခုည ရွှေလ ဘယ်ကိုရောက်နေသလဲကွယ်၊
ချစ်သူမှုန်းလို့ လမင်းရယ် ပုန်းနေသလားကွယ်…”

ထုံးစံအတိုင်း သီချင်းညည်းရင်း လမ်းလျှောက်လာခဲ့၏။ သီချင်းတအေးအေးနှင့် လမ်းလျှောက်လာရသည်မို့လားမသိ အောရကောင်းမှန်း မသိပါ။

လရောင်နှင့် နာရီကိုကြည့်လိုက်တော့ ည ၁၂း၀၀ နာရီ။ ခြေလှမ်းက သွက်လာသလိုလို။

* * *

သို့နှင့်…

စနေမအလွန်…

သရဖီသို့အရောက်…

ကျွန်တော့်ခြေလှမ်းတို့ တုံ့ခနဲ ဖြစ်သွားသည်။ မျက်လုံးကြည့်က ပေတစ်ရာလမ်းလယ်ခေါင် ပက်လက်ကြီးအိပ်နေသူသို့ ရောက်သွား၏။

“ဟာ…ဒီလူ ဘယ်လိုဖြစ်တာလဲ။ အမူးလွန်ပြီး ဖလက်ပြနေပြီထင်တယ်။ ဒီအတိုင်းအိပ်နေရင် မလွယ်ဘူး”

ဟု တွေးလိုက်မိသည်။ လဲပုံက မူးနေသည့်ပုံ။ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အရက်သမားဖြစ်ခဲ့သဖြင့် အရက်သမားချင်း ကြင်နာစိတ်ဝင်သွား သည်။ အင်း…ဒီလူကို သတိပေးနှိုးလိုက်ဦးမှဟု တွေးပြီး ရှေ့သို့ တိုးလိုက်၏။

ထိုစဉ် လဲနေသူ ထလိုက်သည်ကို သိလိုက်၏။ ကြည့်နေ သည့် ကျွန်တော် မျက်မှောင်ကြုတ်သွားသည်။

"ဟ…ဒီလူ အရပ်ရှည်လိုက်တာ"

ဟု တွေးမိသည်။ သူ့အရပ်က ၁၀ ပေလောက်ရှိမလား

လူက နောက်လည်းလှည့်မကြည့်။ နဲ့နဲ့နဲ့နဲ့နှင့် လျှောက် သွားသည်။ လမ်းမပေါ်မှ လမ်းဘေးဆင်းသွားသည်။ မြန်မြန် သွက်သွက် မဟုတ်။ နှေးတုံ့နှေးတုံ့နှင့်…

"ဟော့…ဟော့"

ကျွန်တော် ခေါ်ရင်း သူ့နောက်က လိုက်ခဲ့၏။ သူ မြောင်းထဲဆင်းသွားပြီ။ လမ်းဘေးမြောင်းက ကျယ်သလို ဖြစ်သဖြင့် ရေခန်းနေပြီဖြစ်သကဲ့သို့ မြက်တွေလည်း ခြောက် ရှင်းနေ၏။

လူတစ်ယောက်မပြောနှင့်။ ခွေးတစ်ကောင်ခိုလျှင် လရောင်နှင့် အတိုင်းသားမြင်ရနိုင်၏။

လမ်းပေါ်မှဆင်းသွားသည့် ကိုးလာရှည်က

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမြောင်းတွင်းသို့ ဆင်းသွားသည်ကို တွေ့သော်လည်း မြောင်းထဲတွင် ရှာလို့မတွေ့။ ထက်ကြပ်မကွာ လိုက်ခဲ့ရင်းမှ ပျောက်ချင်းမလှ ပျောက်သွားခြင်းပင်။

ကျွန်တော် ဘာလုပ်ရမည်မသိ။

ကျွန်တော့်ခြေလှမ်းတွေ တုံ့သွားပြီ။

ထူးခြားသည်က ကျွန်တော့်ဦးခေါင်း ပုတ်လောက်ကြီး သွားသည်ထင်၏။ ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ ထခဲ့ပြီ။

"ဒါ သရဲခြောက်တာများလား"

ဟု တွေးမိသည်။

ကျွန်တော့်ခြေလှမ်းတွေ ရှေ့ဆက်လှမ်းလို့ မရတော့။

* * *

ထိုညက ကျွန်တော် ဘီအိုစီသို့ ဆက်မလျှောက်တော့။ သရဖီသို့ ပြန်ပြီး ရပ်ကွင်းတွင်းမှ အိမ်သို့ ပြန်ခဲ့၏။

ဇနီးကိုပြောပြတော့ "တစ္ဆေမကြောက်တဲ့သူ တစ္ဆေ ခြောက်ခံရပြီမဟုတ်လား" ဟု ပြောသည်။

"ဒါဆို ဒါ တစ္ဆေခြောက်တာပေါ့"

"ဒါပဲပေါ့။ လူဆို မျက်စိအောက်က ဘယ်လိုပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားမလဲ။ တစ္ဆေဆိုတာ ဝိညာဉ်ဖြစ်လို့ ရုတ်ခြည်း
ပျောက်သွားတာပေါ့"

ကျွန်တော် ဘာမှမပြောနိုင်။ ကြက်သီးတွေ တဖြန်းဖြန်း ထနေ၏။ သရဲတစ္ဆေ အခြောက်ခံရသည့်နေရာနှင့် မနီးမဝေး တွင် ဖွတ်ချက်ဖွတ်ချက်နှင့် ချက်ပက်လက်လိုင်းကားတစ်စီး လမ်းဘေးမြောင်းထဲ ခေါင်းစိုက်နေသည်ကို တွေ့ရ၏။

"ဟာ… ဒီကား ဘယ်လိုဖြစ်တာလဲ။ ရေမရှိတဲ့မြောင်းမှာ
ရေဆင်းသောက်တာတော့ မဖြစ်နိုင်ဘူး"

ကျွန်တော်က ကားကိုကြည့်ရင်း ပြောလိုက်သည်။ ကျွန်တော့်ဘေးမှလူက-

"လန်ဘား ဒုက္ခပေးလိုက်တာနေမှာ…ဒီနားမှာ လန်ဘား
ဒုက္ခပေးခံရတဲ့လူ အများကြီးရှိခဲ့ပြီ"

ဟု ပြောသည်။

"လန်ဘားဆိုတာ ဘာလဲ"

"လန်ဘားဆိုတာ ဘာရမလဲ ဆရာလေးရဲ့။ လန်ဘား
သရဲပေါ့…ပြီးခဲ့တဲ့ လကုန်ခါနီးက ဒီနေရာမှာ
ကားတိုက်ခံရပြီ သေသွားတဲ့ အရက်သမားလန်ဘား
ပေါ့။ ဒီကောင် မကျွတ်လွတ်သေးတော့ ဒုက္ခပေး

www.burmeseclassic.com

www.burmeseclassic.com



တာလေ"

"ဩော်…"

ကျွန်တော် တိုးတိုးညည်းလိုက်သည်။ ထို့အတူ ညက အဖြစ်ကို ဖြတ်ခနဲ သတိရလိုက်၏။ ညက ကျွန်တော့်ကို ခြောက်လိုက်သည်မှာ လန်ဘားဖြစ်လေမလား။

"အရက်သမားလန်ဘားက အရပ်ရှည်လား"

"ရှည်တယ်။ ကလန်ကလားကြီးလေ…၁၀ ရပ်ကွက် ထဲမှာနေတယ်"

"သူ့ကို သပိတ်တွေဘာတွေ မသွတ်ဘူးလား"

ကျွန်တော့်ကို ရှင်းပြသောသူက-

"လန်ဘားက ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်။ ဂျလေဘီလေ.."

ဟု ပြောသည်။ ကျွန်တော် လူသားချင်းစာနာစိတ်နှင့် စိတ်မကောင်းဖြစ်သွားသည်။ သူ့ကို သပိတ်သွတ်နိုင်မည် မဟုတ်။ အမျှပေးဝေသူသည်လည်း ရှိမည်မဟုတ်။

"လန်ဘားရေ…မင်း ရောက်ရာဘဝက သာခုခေါ်လေ ရှော့…အမျှ…အမျှ…အမျှယူပါ"

ဟု တိုးတိုး တစ်ကိုယ်တည်း စိတ်ထဲမှ သူ့ရဲ့လန်ဘားအား

www.burmeseclassic.com

www.burmeseclassic.com



အမျှပေးဝေလိုက်သည်။ သရဲလန့်ဘား အမျှရသည်-မရသည် ကိုလည်းကောင်း၊ သာဓုခေါ်နိုင်-မခေါ်နိုင်ကိုလည်းကောင်း ကျွန်တော် မသိပါ။

သို့သော် နောက်ညများတွင် ထိုနေရာမှ ကျွန်တော် ဖြတ်သန်းမသွားဖြစ်တော့သလို တစ္ဆေခြောက်ခံရသည့်ညကို လည်း ယနေ့တိုင် မမေ့နိုင်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကြောင်စုန်းလက်လေ"

"ဘာစွမ်းလဲ"

"ကြောင်လက်ကိုင်ပြီး ဆုတောင်းနိုင်တယ်။ ဆိုးတာက မကောင်းဆိုးဝါးနဲ့ပတ်သက်နေလို့ ဆုတောင်းမမှားဖို့ လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကြောင်စုန်းနှင့် မှားသောဆုတောင်း

လောကဌ် အဖိုးမဖြတ်နိုင်သည့်အရာကို ပြပါဆိုလျှင် ပျော်ရွှင်မှုဟု ဆိုရမည်။ မိသားစုဘဝတွင် မိသားစုပျော်ရွှင်မှုသည် မိသားစုအတွက် အဖိုးမဖြတ်နိုင်သည့်အရာပင်။

မစ္စတာနိုက်အဖို့ မိသားစု၏ချမ်းမြေ့ပျော်ရွှင်ဖွယ်ဘဝကို ရသဖြင့် အမြဲတမ်း ကျေနပ်နေမိ၏။

သူတို့၏မိသားစုဘဝက အပေးအယူတူမျှသည့်ဘဝဟု ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။

မစ္စတာနိုက် မှတ်မိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုညကား ရာသီဥတု စိမ့်စိမ့်အေးသည့်ည ဖြစ်သည်။ မစ္စတာနိုက်တို့မိသားစုသည် မီးလင်းဖိုနံဘေးတွင် မီးလှုံရင်း နေ၏။ မစ္စတာနိုက်နှင့် သားဖြစ်သူ 'ဟာဗက်'သည် စစ်တုရင် ကစားနေကြပြီး မစ္စတာနိုက်ကမူ ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်ကာ အင်္ကျီတစ်ထည်အား ပန်းထိုးနေ၏။

သူမက ချစ်လင်နှင့်သားကို ကြည့်ကာ-

"အဖေကြီးနော်...သားကို မတရားအနိုင်ယူမနေနဲ့ဦး" ဟု နှောက်လိုက်၏။

မစ္စတာနိုက်က ပြုံးပြီး-

"ကြည့်လည်းပြောပါ မိန်းမရာ...မင်းရဲ့သားက သူငယ် နပ်စားလေး မဟုတ်ပါဘူး။ မင်းရဲ့သားက ဉာဏ်ရည် ဉာဏ်သွေးထက်လွန်းလို့ ကိုယ့်ခမျာ မနည်းလိုက်နေရ တာပါ"

ဟု ပြော၏။ မစ္စတာနိုက်က ပြုံးလျက်...

အအေးက ပိုကဲလာသလို အပြင်ဘက်တွင် နှင်းခဲများ ကျနေပြီး လမ်းမပေါ်တွင် အအေးဒဏ်ပြင်းသဖြင့် လူသွား လူလာကျဲနေ၏။

အိမ်ခန်းထဲ၌မူ ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်နေကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်တိတ်ဆိတ်နေသည်။

"ချက်"

ထိုစဉ် ဟားဗက်က မြင်းဖြင့် ဘုန်းကြီးရော၊ ဘုရင်ကိုပါ ခွချက်ချက်လိုက်၏။

မစ္စတာနိုက် ပြူးပြူးပျာပျာ ကြည့်လိုက်ပြီး-

"ဟာ…သွားပါပြီ၊ ဘုရင်မတော့ ကျပါပြီ"

ဖခင်ကိုကြည့်ကာ ဟားဗတ် အားပါးတရ ရယ်လိုက်သည်။

"ဒီပွဲမှာ အဖေ ရှုံးပါပြီ"

ဟားဗက်က ပြောသည်။ မစ္စတာနိုက်သည် ဘာမျှမပြောဘဲ အဖတ်ဆယ်နိုင်ရန် ကြိုးစားခဲ့သော်လည်း အချည်းအနှီးပင်။ နောက်ဆုံး အရှုံးပေးလိုက်ရင်း-

"ဒေါက်…ဒေါက်"

ငြိမ်သက်နေသည့် အခန်းကလေးတွင် အဆက်မပြတ်ပေါ်လာသည့် တံခါးခေါက်သံက စိုးမိုးသွားသည်။

မစ္စတာနိုက်က တံခါးဘက်ကြည့်ပြီး-

"သားရေ…ဟားဗက် တံခါးသွားဖွင့်ပေးလိုက်ပါကွာ…မင်းအန်ကယ်မောရစ် ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

"ဟုတ်ကဲ့ ဖေဖေ"

ဟားဗက်က အပြုံးနှင့်တုံ့ပြန်ပြီး တံခါးသွားဖွင့်လေသည်။

ဖွင့်သွားသည့်တံခါးမျှ လူတစ်ယောက်ဝင်လာသည်ကို တွေ့ရ၏။

မစ္စတာမောရစ်ပင်...

"ကောင်းသောညပါ"

မစ္စတာမောရစ်က နှုတ်ခွန်းဆက်၏။

စင်စစ် မစ္စတာနိုက်နှင့် မစ္စတာမောရစ်တို့က ခင်မင်သူများဖြစ်၏။ မစ္စတာမောရစ်နှင့်မစ္စတာနိုက်တို့မိသားစုက အလွန်တရာ ခင်မင်ကြသူများ ဖြစ်၏။ သူက ညဆို အလည်လာတတ်သူလည်း ဖြစ်သည်။

မစ္စတာနိုက်သည် မစ္စတာမောရစ် ရောက်လာလျှင် သိမ်းထားသည့် ရမ်ပုလင်းကို ထုတ်လာ၏။

"ကဲ...မောရစ် ရာသီဥတုဒဏ်ခံနိုင်ဖို့ နည်းနည်း ချလိုက်ဦး"

မစ္စတာမောရစ်က ပြုံးပြီး-

"ကျုပ်ကတော့ အဆင်သင့်ပဲ မစ္စတာနိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အိုကေပေါ့"

မစ္စတာနိုက်က အရက်ပုလင်းအတွင်းမှ အရက်အား ခွက်နှစ်ခုအတွင်းသို့ လောင်းထည့်၏။ ဟားဗတ်က အလိုက်သိ၍ ဝက်ပေါင်ခြောက်ပန်းကန်ကို စားပွဲပေါ်သို့ တင်ပေး၏။

"ဝက်ပေါင်ခြောက်လည်း စားဦး"

"စိတ်ချပါ"

မစ္စတာမောရစ်က ပန်းကန်အတွင်းမှ ဝက်ပေါင်ခြောက်ကို လှမ်းယူလိုက်၏။ ထိုစဉ် မစ္စတာမောရစ်၏ ကုတ်အင်္ကျီအတွင်းမှ ပစ္စည်းတစ်ခု ထွက်ကျသွားသည်ကို တွေ့လိုက်ရ၏။

ထိုပစ္စည်းက အီဂျစ်မှ မံမီရုပ်များကဲ့သို့ မပုပ်မသိုးလေအောင် ဆေးစိမ်ထားသည့် သတ္တဝါတစ်ကောင်၏လက်ကလေး တစ်ဖက် ဖြစ်သည်။

မစ္စတာမောရစ် ကောက်ယူလိုက်စဉ်-

"အဲဒီပစ္စည်းက ဘာလေးလဲဗျ"

ဟု မစ္စတာနိုက်က ပစ္စည်းကိုကြည့်ရင်း မေးလိုက်၏။ ပစ္စည်းကလေးက အမွေးအမျှင်တွေမည်းမည်းနှင့်။

"ကြောင်စုန်းတစ်ကောင်ရဲ့လက်ပါ"

ဟု မစ္စတာမောရစ်က ခပ်ပေါ့ပေါ့ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဟုတ်တယ် မစ္စတာနိုက်၊ ကျုပ် အိန္ဒိယမှာ အမှုထမ်းစဉ်က ဘုန်းတော်ကြီးတစ်ပါးဆီက ရခဲ့တာလေ။ စွမ်းတယ်လို့ ပြောတယ်"

မစ္စတာမောရစ်က ပြောပြီး အရက်ကို မော့သောက်လိုက်၏။ မစ္စတာနိုက်က-

"ကြောင်စုန်းကလေးရဲ့လက်အကြောင်း ပြောပါဦး"

ဟု ပြောလိုက်၏။

"ပြောရရင် ခင်ဗျား အံ့သြသွားမယ်။ ဒီလက်ကလေး အကြောင်းက ထူးခြားနေတယ်လေ။ ပတ်သက်သူတွေက ဂမ္ဘီရကိစ္စတွေနဲ့ ဆက်နွယ်နေတယ်လို့ ပြောတယ်။ သိဒ္ဓိရှိတဲ့ အဆောင်တစ်ခုအနေနဲ့လည်း ဆောင်ထားလို့ ရတယ်လေ။ မီးခွက်ဆန်းထဲက ဘီလူးလိုပေါ့"

ထိုစဉ် မစ္စစ်နိုက်က ပန်းထိုးနေရာမှ လှမ်းကြည့်ရင်း-

"မစ္စတာမောရစ်...ဘယ်လိုသိဒ္ဓိမြောက်တယ်ဆိုတာ ပြောပါဦး"

ဟု မေး၏။ မစ္စတာမောရစ်က အရက်ကို တစ်ငုံသောက်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"တောင်းတဲ့ဆုပြည့်တဲ့သဘောပေါ့ မစွစ်ရယ်"

မစွစ်နိုက်သည် မိန်းမသားပီပီ စိတ်ဝင်စားသွား၏။ သား ဖြစ်သူ ဟားဗက်ကမူ ယုံကြည်ဟန်မရှိ။ သရော်ဟန်ပြုံး၏။

"ဟုတ်တယ် မစွစ်နိုက်...ခင်ဗျားက ဒီကြောင် လက်ကလေးကို ကိုင်တွယ်ပြီး ဆုသုံးဆုတောင်းနိုင် တယ်။ ဒါပေမယ့် တစ်ခုဆိုးတာက တောင်းတဲ့ဆုပြည့် ပေမယ့် ဆုပြည့်စုံခြင်းက အလျော်အစား ဖြစ်နေတယ်။ ကြမ္မာဆိုးတွေပါနေတယ်။ မကောင်းဆိုးဝါးနဲ့ပတ်သက် လို့ ကြမ္မာဆိုးနဲ့ယှဉ်ပြီးမှ ပြည့်တတ်တယ်။ ဒါ့ကြောင့် ကျုပ်တော့ စိတ်မဝင်စားတော့ဘူး"

ဟု ရှင်းပြရင်း မစ္စတာမောရစ်သည် သူ့လက်အတွင်းမှ ကြောင်နက်လက်ကလေးအား မီးလင်းဖိုအတွင်း ပစ်ထည့်လိုက် ၏။

"ဟ...ဟ...ဒီလို မလုပ်နဲ့လေ။ ခင်ဗျား မယူချင်တော့ ဆိုရင် ကျုပ်ကို ပေးခဲ့ပါ။ ကျုပ် စမ်းကြည့်ရတာပေါ့"

မစ္စတာနိုက် ပြောပြောဆိုဆိုနှင့် မီးလင်းဖိုအတွင်းကျသွား သည့် ကြောင်နက်လက်ကလေးကို ဆွဲယူလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းသည် ကြည်လင်လှပနေ၏။

မစ္စတာနိုက်သည် အဝတ်အစားများ လဲလှယ်ပြီး အပြင်သို့ထွက်ရန် ပြင်ဆင်နေ၏။ ထိုစဉ် မစ္စစ်နိုက်သည် ချစ်လင်အနားသို့ရောက်လာပြီး-

"ဖေကြီးရေ…ကျွန်မတို့ ကြောင်လက်ကလေး စွမ်းမစွမ်း စမ်းသပ်ကြည့်ရအောင်လား"

"မင်းသဘောလေ"

"ကျွန်မတို့ ငွေပေါင်တစ်ထောင်လောက်ရအောင် တောင်းလိုက်ရအောင်နော်"

"မင်းသဘော"

မစ္စတာနိုက်သည် ကြောင်နက်လက်ကလေးကို ထုတ်လိုက်ပြီးနောက်-

"ငွေပေါင်တစ်ထောင် ရပါစေ"

ဟု ပုတ်ကာ ဆုတောင်းလိုက်၏။

မစ္စတာနိုက်သည် ဇနီးသည်ကို စိတ်ချမ်းသာအောင် ဆုတောင်းပေးလိုက်ရသော်လည်း အကြွင်းမဲ့ ယုံကြည်ခြင်းမရှိခဲ့ချေ။

သည်နောက် လင်မယားနှစ်ယောက်သည် ထိုကိစ္စအား

www.burmeseclassic.com

www.burmeseclassic.com



မေ့ပျောက်ပျောက်နေလိုက်၏။

သို့နှင့် နေ့လယ်ပိုင်းသို့ ရောက်ခဲ့၏။

ထိုစဉ် အိမ်ရှေ့သို့ ကားတစ်စီးဆိုက်လာသည်ကို တွေ့ရ၏။

ကားက ဆလွန်းကာအဖြူရောင် ကားထဲမှာ လူတစ်ယောက်သည် အထုပ်တစ်ထုပ်ကိုင်ကာ ဆင်းလာ၏။

အိမ်ဝသို့ရောက်လျှင်-

"ဒါ ဟားဗတ်တို့အိမ်ပါနော်"

ဟု မေး၏။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က သူ့အဖေနဲ့အမေပါ"

"ကျေးဇူးပါပဲ"

ဟုပြောပြီး ထိုလူက သူ၏အိတ်ထဲမှ အထုပ်ကို ကမ်းပေးလိုက်ပြီး-

"အားလုံးစုစုပေါင်း ပေါင်တစ်ထောင်ပါ။ ပြည့်မပြည့် စစ်ယူပါ မစ္စတာ"

ဟု ပြော၏။

"ဗျာ..."

"ရှင်..."

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာနိုက်နှင့်မစ္စစ်နိုက်သည် အံ့ဩနေကြ၏။

ပြီးမှ မစ္စတာနိုက်က-

"နေပါဦး...အဲဒီငွေတွေက ဘာကြောင့်ပေးတာလဲ။ ဘယ်သူ့ငွေလဲ"

ဟု မေးလိုက်၏။

"ဟားဗက်အတွက် လျော်ကြေးပါ"

"ဘာ"

"ဟုတ်ပါတယ်၊ ဟားဗက် မနက် (၁၀)နာရီလောက်က လုပ်ငန်းခွင်ထဲမှာ မတော်တဆ ထိခိုက်မှုဖြစ်ပြီး သေဆုံးသွားပါတယ်။ ဒါကြောင့် သူဌေးက ဟားဗက်အတွက် ငွေပေါင်တစ်ထောင် ပေးခိုင်းလိုက်တာပါ။ လူ့အသက်တစ်ချောင်းနဲ့ ငွေပေါင်တစ်ထောင် မလဲနိုင်ဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်။ စိတ်မကောင်းပါဘူးခင်ဗျာ"

ဟုပြောပြီး သူတို့ နှုတ်ဆက်ထွက်သွားကြ၏။ မစ္စစ်နိုက်မှာ တရှုံ့ရှုံ့ ငိုနေလေပြီ။

မစ္စတာနိုက်က ကျောက်ရုပ်လို ငြိမ်သက်လျက် မစ္စတာ မောရစ်စကားကို ကြားယောင်နေ၏။

"ဆုတောင်းပြည့်တတ်ပေမယ့် ဆုတောင်းပြည့်ခြင်းက

www.burmeseclassic.com

www.burmeseclassic.com



ကြမ္မာဆိုးနဲ့ ဆက်နွယ်နေတတ်တယ်"

ဟူသောစကား ဖြစ်၏။

ယခုမူ မစ္စတာမောရစ်စကားက သွေးထွက်အောင် မှန်လေပြီ။ သူတို့ ငွေပေါင်တစ်ထောင် လိုချင်သဖြင့် သား အသက်ကို လျော်ကြေးပေးလိုက်ရပြီ။

"တောက်"

မစ္စတာနိုက်သည် ကြောင်နက်လက်ကလေးအား အဝေး သို့ လွှင့်ပစ်လိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



တောတွင်း၌ ဝိညာဉ်တွေ ရှိသည်။
တောစီးသွားလျှင် တောမှီသွားလျှင်
သေသွားသည့် တိရစ္ဆာန်လည်း
ရှင်သည်။ ရှင်ခဲ့သည်။
ဒါက ကျွန်တော့်ကိုယ်တွေး။

www.burmeseclassic.com

www.burmeseclassic.com



## ဝိညာဉ်မြူးတဲ့ တောကန္တာ

၁၉၇၀-၇၁ မှာဘက်ပိုင်းက ကျွန်တော် ကချင်ပြည်နယ်မှာ ရှိသည်။ ကျွန်တော်က နိုင်ငံ့ဝန်ထမ်း။ ပထမပိုင်း မြန်မာပြည်အောက်ပိုင်းနှင့်ကချင်ပြည်နယ်က စည်းတားထားသလို ရှိသည်။ နန်စီးအောင်ချောင်းအနီးတွင် ရှိသည်။

မဲဇာဘက်မှာ ရှိသည်။ မြန်မာစစ်စစ် ကဒူ၊ ဘိုနှန်တိုင်းရင်းသားတွေနဲ့ သွေးစည်းခဲ့သည်။ ဖားကန့်၊ ဆေနိုင်းဘက်လည်း ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လော်ပန်တွေ၊ ကျောက်စိမ်းရိုင်းတုံးနှင့်လဲကာ ဘိန်းအရသာခံခဲ့သည့်သူတွေကြားလည်း နေခဲ့သည်။ ရိုးသားကြသည်။ ဖြူစင်ကြသည်။ ပျော်စရာနေ့ရက်များ...

ပြီးတော့ ရထားလမ်းရိုးတစ်လျှောက်...

တည်စဉ်က ကချင်ပြည်နယ်မှာ ကေအိုင်အေ ရှိသည်။ ကချင်လွတ်မြောက်ရေးတပ်မတော်ဆိုလား့ပဲ ရှိသည်။ ကချင်လွတ်မြောက်ရေးတပ်မတော်ခေါင်းဆောင်တွေက ဇော်တူ၊ ဇော်ဒန်၊ ဇော်ဆိုင်း။ ရထားလမ်းရိုးမှာ မေဂျာလဖိုင်ဆိုင်း ကြီးစိုးသည်။ ကေအိုင်အို မရှိသေး။

တပ်နဲ့ကေအိုင်အေ မကြာခဏ တိုက်ပွဲဖြစ်သည်။ ထမင်းအားရေသောက်ကိုပဲ မွန်-မြန်မာ နှစ်(၄၀)စစ်ပွဲနှင့်တူသည်။ နိုင်းတီးမှုမရှိ၊ စစ်ပြေးဒုက္ခသည် မရှိ။

ကချင်တိုင်းရင်းသားတွေက တောနှင့်တောင်ကို ချစ်သည်။ တောထဲမှာ ရွာတွေ အများကြီး။ အိမ်ခြေမှု မများ။ ဆယ်းအိမ်၊ ငါးအိမ်တစ်ရွာ ဖြစ်သည်။ ရထားလမ်းရိုးဘက်မှာ အစီးနှင့်ဂျင်းဖော မျာသည်။

စီတာပူမနော့ကွင်းမှာ မနောက ကခဲ့ဖူးသည်။ ပျော်စရာ ...

www.burmeseclassic.com

www.burmeseclassic.com



နောက် ကျွန်တော်တို့ရထားလမ်းရိုးကို ကျော်ခိုင်းခဲ့ရသည်။ ထိုမှ ဆဒ္ဒံ၊ ဆမားဘက် ရောက်သည်။ ခင်နွယ်ကောင်းရွာ၊ လမ်းကားစခန်း၊ ကေခေါင်ဘက်သို့ ရောက်သည်။ ကေခေါင်မှာ တပ်စခန်းရှိသည်။

ထိုမှ ထန်းတုံ၊ နကွန်ဘော်သို့ ရောက်သည်။ သဘာဝထူးဆန်းမှုများစွာ တွေ့ကြုံခဲ့သည်။ ကျောက်ဖြစ်လုလု ရှူနှစ်ဖက်ခန့် မြွေကြီးတွေ၊ ပျားတူအုံတွေ၊ နွယ်ရှင်တွေ၊ သံသေဒဇတွေ‥

ဂေါလန်၊ ဂန်ဖန်တောင်ကုန်းတွေ လှမ်းမြင်ရ၏။ လွမ်းမောစရာ‥‥

"ဒီမှာ မသေဆေးပင်တွေ ရှိတယ် ဆရာ‥အရမ်းနှမြောဖို့ကောင်းတယ်။ ဦးနုလက်ထက်က ပေးလိုက်ရတာလေ"

ဟု ပြောသည်။

ဒီဘက်မှာကလရှိန့်မောရင်၊ လီဆူးတွေ ရှိသည်။ ရိုးသားဖြူစင်ကြသည်။ ယောကျ်ားက တောင်ယာခုတ်၍ မိန်းမကသီးနှံစိုက်သည်။ ရိတ်သည်။ အဓိကသည် စပါးနှင့်ပြောင်း။

ဒီမှာက မိုးခြောက်လ၊ ဆောင်းခြောက်လဟု အဆိုရှိသည်။ ဆန်ခြောက်လ၊ ပြောင်းဖူးခြောက်လ စားသည်။ နတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်သူတွေ။ စေတနာကောင်းသည်။ ရိုးသားပွင့်လင်းသည့် တိုင်းရင်းသားတွေ။

တည်စဉ်က စီမံချက်နှင့် တောတွင်းရွာပုန်းတွေမှ တိုင်းရင်းသားတွေအား မြစ်ကြီးနားဘက်သို့ ပို့ခဲ့သည်။ လှေခါးထစ်စိုက်ခင်း လုပ်စေသည်။ သို့သော် တချို့ကလုပ်ပြီး တချို့က တောထဲပြန်ပြေးသည်။

သူတို့က သဘာဝအရ တောတွေပြန်း၊ တောင်တွေခေါင်းတုံးဖြစ်သည်ကို မသိ။ ရွှေ့ပြောင်းတောင်ယာစနစ်ကို မြတ်နိုးသည်။

ဘာပဲပြောပြော ရောက်ရာမှာ အမေအရွယ်၊ အဖေအရွယ် အဘိုးကြီး၊ အဘွားကြီးကို အနူး၊ အဝါဟု ခေါ်သဖြင့် ပီတိဖြစ်ပုံရ၏။ ဆေးတပ်သားကို ပိုချစ်သည်။ သူတို့က မချိတ်ဆရာဟု ခေါ်သည်။

ကချင်ပြည်နယ်က ကျွန်တော့်အတွက် လွမ်းမောပျော်ရွှင်ဖွယ်နေရာ ဖြစ်ခဲ့သည်။ မမေ့နိုင်စရာ များစွာရှိခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရထားလမ်းရိုးမှပြောင်းတော့ ဆဒုံး၊ ဆမား ဘက် အလျင်ရောက်သည်။ သည်ဘက်သွားဖို့ ဧရာဝတီကို ဖြတ်ရသည်။ ခဝ်ချိုဆိပ်မှ ကူးရသည်။ တံတားမရှိ။ ဖောင်နှင့် ကူးရသည်။

သည်မှာ မကြာခဏ မြစ်ထဲ ကားကျ၊ ပစ္စည်းကျနှင့်။ အနီးမှ တိုင်းရင်းသားရွာသားတွေက အမြဲကူညီသည်။ သည် နေရာက 'စိုင်းအောင်လှိုင်မြင့်'၊ 'ဟင်နရီနူးနန့်ဘွဲ့' ရသည့် နေရာ။

သည်ကကျော်လျှင် ဝါရှောင်ရွာ၊ ဝါရှောင်ဆည် ရှိသည်။ ထိုမှတည့်တည့်သွားလျှင် ဆဒုံး၊ ဆမား။

ဘယ်သို့ချိုးကွေ့သည့်လမ်းက ချီဖွေကေခေါင်သွားလမ်း။

ကျွန်တော် လန်းမားစခန်းတွင်နေတော့ မမေ့နိုင်စရာ အဖြစ်တစ်ခု ကြုံတွေ့ဖူးသည်။

တစ်နေ့…

"မြင့်နောင်…ခင်ဗျား တောလည်ချင်ရင် မနက် ခေါင်ဒေါင်းမို့ လိုက်သွားလေ"

ဟု ဆရာကျော်လေးက ပြောသည်။ ခေါင်ဒေါင်းသည် ဒေသခံမုဆိုးတပ်ကို ကူညီနေသည့် လမ်းပြလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က 'ငှိချင်ရဲ့လက်တို့' ဆိုသည့်စကားနှယ် ပျော်သွားသည်။

"ကောင်းတာပေါ့ ဆရာကျော်...ကျွန်တော် လိုက်သွားမယ်"

နောက်နေ့မနက် ကျွန်တော်နှင့်ခေါင်ဒေါင်း လမ်းမှ တောတွင်းသို့ ဝင်ခဲ့သည်။ နက်ရှိုင်းသည့်တောဟု ဆိုနိုင်သည်။ 'သမင်က ဟောက်၊ ချေက တောက်၊ မျောက်က ကြိုးခွေ' ဆိုသည့်စကားနှယ် တောသဘာဝနှင့် တောတိရစ္ဆာန်တို့ အသံကြားနေရသည်။

အထူးသဖြင့် မျောက်က ပိုပေါသည်။

သည်တောထဲမှာ မျောက်အုပ် ရှိသည်။ ဟိုအပင်၊ သည်အပင် ကူးကာကူးကာနှင့် တဝုန်းဝုန်း တဒိုင်းဒိုင်း။

"ဆရာ မျောက်ပစ်မလား"

လို့မေးသည်။ ခေါင်းခါပြီး-

"ကျွန်တော်က ချေ၊ ဆတ်လောက်ပဲ ပစ်ချင်တယ်"

ဟု ဖြေလိုက်သည်။

"ဒါဆို ဆားတွင်းဘက်သွားရမယ်"

"သွားလေ...ကိုခေါင်ဒေါင်း"

www.burmeseclassic.com

www.burmeseclassic.com



သူက မဒူကွမ်း တမြုံ့မြုံ့နှင့်။ သူက စိတ်သဘောထား ကောင်းပြီး စကားနည်းသူ။

တောကုန်းတစ်ခုကျော်ပြီး ဆားတွင်းသို့ ရောက်သည်။

သည်မှာ ခေါင်ဒေါင်းက ကျွန်တော့်ကို ရပ်ဟု အချက်ပြ သည်။ ပြီး ရှေ့ကို လက်ညှိုးထိုးပြသည်။

ကြည့်လိုက်တော့ ရှေ့မှာ ကျွန်တော် မျှော်လင့်ထားသော သားကောင်။ ဆတ်တစ်ကောင် ဆားဇင်မှာ ဆားလျက်နေသည်။

ကျွန်တော်က ကျွန်တော် ပစ်မည်ဟု လက်မထောင်ပြီး အချက်ပြလိုက်သည်။ ခေါင်ဒေါင်း ခေါင်းညိတ်ပြ၏။

* * *

ကျွန်တော် ဂျီသရီးသေနတ်အား ပခုံးတွင် တင်ချိန်ပြီး လုံခြုံရေးဆို့စ်ကို ဖွင့်လိုက်သည်။

ပြီးနောက် သေနတ်မောင်းကို ဖြုတ်လိုက်သည်။

"ဒိုင်း"

ကော်ဒိုက်ယမ်း တွန်းကန်ထွက်သွားသံ ကျယ်လောင် လှ၏။ ထိမှန်ချက်ကောင်းသည်ဟုလည်း သိလိုက်သည်။ ဆတ် ၏ရှေ့ခြေထောက်ရင်းကို ထိမှန်သွားသဖြင့် ဆတ်ရှေ့သို့ ငိုက်ကျ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

မျက်ဝါးထင်ထင် မြင်လိုက်သဖြင့် ကျွန်တော် ဝမ်းသာအားရဖြင့် -

"ကိုခေါင်ရေ…ဒီကောင်ကြီး မှန်သွားပြီ"

ဟု အားပါးတရ အော်ဟစ်ပြောလိုက်သည်။

ကျွန်တော် ခေါင်ဒေါင်းအား အော်ပြောလိုက်သော်လည်း ကျည်မှန်သွားသည့် ဆတ်ကြီးကိုမူ အကြည့်မခွာနိုင်။ ယင်းသမို့လည်း ရှေ့သို့ငိုက်ကျသွားသည့် ဆတ်ကြီးအခြေအနေကို မျက်ဝါးထင်ထင် မြင်နေရသည်။

ရှေ့သို့စိုက်ကျသွားသည့် ဆတ်ကြီးသည် အံ့သြဖွယ်ကောင်းလောက်အောင် ရုတ်ခြည်း ဆတ်ခနဲ မတ်တတ်ထလိုက်ကာ ခုန်ပြေးသွားသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။

* * *

ကျွန်တော် ရုတ်တရက် ကြက်သေသေသွားသည်။ အံ့သြစိတ်ကြောင့် ဆွံ့အသလိုအခြေအနေ ဖြစ်သွားရခြင်းဖြစ်သည်။

အကြောင်သား ငေးနေမိသည်။

"ဆရာ ဘာငေးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခေါင်းက မေးသည်။ ကျွန်တော် ဘာမှမပြောနိုင်ခဲ့။ သေနတ်ဘားဆွဲကာ ဆတ်ကြီး ထိမှန်သွားသည့်နေရာဆီသို့ ပြေးသွားခဲ့သည်။

ဆတ်ကြီး ထိမှန်တဲ့နေရာဆီသို့ရောက်တော့ ကျွန်တော် ပို၍ အံ့သြရသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် ပစ်လိုက်သဖြင့် ထိမှန်သွားသည့် ဆတ်ကြီးရှိသည့်နေရာတွင် သွေးရဲရဲတို့ အတုံးလိုက်အခဲလိုက်ကျကာ ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ချက်ကောင်းထိသွားခြင်း ဖြစ်သည်။

ဆတ်ကြီးသည် သေနိုင်သည့်နေရာအား ထိမှန်ပြီး လဲကျသေဆုံးသွားနိုင်ပါရဲ့။ ဘာ့ကြောင့် ထပြေးသနည်း။ တယ်လိုဖြစ်တာပါလိမ့်။

သွေးရှူးသွေးတန်း ပြေးခြင်းလော...

မည်သို့ဆိုစေ ဆတ်ကြီးသည် သေကွက်သေကွင်းကို တိကျစွာ မှန်သွားသည်ဖြစ်သောကြောင့် သူ ဝေးဝေးပြေးနိုင်မည်မဟုတ်။ တစ်နေရာရာမှာ လဲပြိုကောင်း လဲပြိုနေလိမ့်မည်။

ကျွန်တော် ဤသို့တွေးရင်း-

"ကိုခေါင်ခေါင်း...ကျွန်တော်ပစ်တာ ထိသွားတယ်။ ဝေးဝေးပြေးနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ လိုက်စို့"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း ဆတ်ကြီးနောက်သို့ အပြေးလိုက်ခဲ့သည်။

လမ်းတစ်လျှောက်၌ သွေးတွေ မြင်မကောင်း။ ယခုကဲ့သို့ သွေးထွက်ပုံအတိုင်းဆို သွေးလွန်၍ လဲကျသေဆုံးသွားနိုင်၏။ သို့သော် တောင်ကုန်းသုံးခုကျော်သည်အထိ ဆတ်သေကို မတွေ့ရ။ မမြင်ရသေး။

အချိန်အတော်ကုန်သွားသည်ကို သိသည်။ ကျွန်တော် လည်း မောနေပြီ။ ခေါင်ဒေါင်းက ကျွန်တော့်နောက်မှလိုက်လာ ရင်း ကျွန်တော့်နားတွင် ရပ်ကာ-

"ကျွန်တော်တို့ပြန်ကြရအောင် ဆရာ"

ဟုပြောသဖြင့်-

"ဘာဖြစ်လို့ပြန်ရမှာလဲ...ခေါင်ဒေါင်း၊ ဆတ်ကို မှန် သွားတယ်။ မှန်တာက သေကွင်းသေကွက်ကို ထိမှန် တာ။ သွေးတွေ ဒလဟော ကျနေတာလည်း ခေါင်ဒေါင်း အသိပဲ"

ဟု ပြောလိုက်၏။ ခေါင်ဒေါင်းက-

"ဆရာပြောတာ မှန်ပါတယ်။ ဆရာပြောသလို ဆတ်ကို ဆရာက သေလောက်တဲ့နေရာ ထိအောင်ပစ်လိုက်တာ ထိမှန်တာပဲ။ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ခက်

www.burmeseclassic.com

www.burmeseclassic.com



တာက ဒီဆတ်ကြီးက တောမှီသွားပြီ ဆရာ… အပမှီ သွားပြီ''

''ဘာ…တောမှီသွားပြီ၊ ဟုတ်လား''

''ဟုတ်တယ် ဆရာ။ ပြောရရင် တောကန္တာဆိုတာ ဝိညာဉ်တို့ပျော်မြူးရာနေရာတွေ အနက်တစ်ခုပဲ။ ဆရာ ခုန ဆတ်ကြီးကို ပစ်လို့မှန်ပြီး လဲကျနေဆဲဆဲမှာ မှန်သွား ပြီလို့ အော်လိုက်တယ်။ ဒါဟာ မုဆိုးစကားနဲ့ပြောရရင် ဝိညာဉ်ကို ဖိတ်ခေါ်လိုက်တာပဲ။ ဝိညာဉ်ကို ပူးကပ် မှီတွယ်ဖို့ ဖိတ်ခေါ်လိုက်တာပဲ ဆရာ။ တောထဲမှာ တောကောင်တွေ့လို့ ပစ်ပြီးမှန်သွားရင် မှန်တယ်လို့ မပြောဘူး။ ဒီလိုပြောလိုက်မိရင်းကို ပစ်လိုက်တဲ့ သားကောင် တောမှီသွားတော့တာပဲ။ အရပ်စကားနဲ့ ပြောရရင် အပမှီသွားတာပေါ့။ လိုက်မရတော့ဘူး။ အမဲ လိုက်ခဲ့လို့ မိုးချုပ်သွားပြီဆိုရင်လည်း မုဆိုးကို အန္တရာယ် ပြုရိုး ရှိတယ်။ ကျွန်တော်တို့ နေမဝင်မီ ပြန်ကြစို့ ဆရာ''

ဟု ရှင်းပြသဖြင့် ကျွန်တော် သက်ပြင်းချပြီး ဆောင်ရွက် လိုက်သည့်အစီအစဉ်အား ဖျက်လိုက်ရပါတော့သည်။ တောကျွန်

www.burmeseclassic.com

www.burmeseclassic.com



သည့် ခေါင်ခေါင်းအား စောဒက မတက်တော့။

ကျွန်တော့်စိတ်ထဲ၌မူ မကျေနပ်နိုင်။

မည်သို့ဆိုစေ ကျွန်တော့်နှလုံးသားတွင်မူ အတွေ့အကြုံသစ်တစ်ခုအဖြစ် မှတ်တမ်းပြုခဲ့သည်ဟုဆိုလျှင် မမှားချေ။

မှန်သည်။ ဒီနေ့က သားကောင် မထမ်းရဘဲ မောပန်းစွာ ပြန်ခဲ့ရသည့်နေ့။

တော၏ ထူးထွေဆန်းပြားမှုနှင့် ကိုယ်တွေ့ကြုံရသည့်နေ့ ဟု ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညး...

ကျွန်တော်တို့မိသားစု

ညေဌ့ခန်းထဲမှာ ထိုင်နေသည်။

သားမွေးအကျီဝတ် ဝိညာဉ်တစ္စေ

ညေဌ့ခန်းထဲဝင်လာသည်။

ပြီးတော့...

ပြန်ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ပန်းနုရောင်ရဲတိုက်ထဲက တစ္ဆေ

၁။

ဟောလိဝုဒ်ရုပ်ရှင်လောကတွင် 'ဂျိမ်း(စ်)မင်း(ဖ)ဖီး' သည် ထင်ရှားသည့် မင်းသမီးတစ်ဦး ဖြစ်သည်။ သူမသည် အောင်မြင်ကျော်ကြားမှုအား အထွတ်အထိပ်ရရှိခဲ့သလို ငွေကြေးလည်း ချမ်းသာကြွယ်ဝသူ ဖြစ်၏။

ဟောလိဝုဒ်တွင် သူမသည် ခမ်းနားကြီးကျယ်သည့် အဆောက်အအုံတစ်ခုအား ဆောက်လုပ်ခဲ့သည်။ ထိုအဆောက်အအုံတွင် သူမ နေထိုင်၏။ ထိုအဆောက်အအုံ၏အမည်က 'ပန်းနုရောင်ရဲတိုက်' ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျိမ်း(စ်)မင်း(ဖ)ဖီးသည် 'ပန်းနုရောင်ရဲတိုက်' အရှင်မတည်း။ သူမဘဝတွင် အောင်မြင်မှုအထွတ်အထိပ် ရရှိခဲ့သလို ကြွယ်ဝချမ်းသာမှုကိုလည်း အပြည့်အဝ ရရှိခဲ့သည်။

သူမဘဝက လိုလေသေးမရှိ။ အစစအရာရာ ပြည့်စုံသောဘဝလည်း ဖြစ်၏။

သူမက ငွေကြေးကြွယ်ဝချမ်းသာသလို နှစ်သက်မြတ်နိုးဖွယ် ပစ္စည်းမှန်သမျှကို ဝယ်ယူစုဆောင်း၏။ အထူးသဖြင့် ဂျိမ်း(စ်)သည် သားမွေးကုတ်အင်္ကျီကို အလွန်တရာ နှစ်သက်ပြီး အသွေးအရောင်စုံ ပုံစံမျိုးစုံအား အသစ်ပေါ်လာတိုင်း ဝယ်ယူစုဆောင်း၏။ နေ့စဉ် အရောင်မထပ်၊ ပုံစံမထပ်အောင် ဝတ်၏။

ဂျိမ်း(စ်)သည် သူမ နှစ်သက်သည့် သားမွေးကုတ်အင်္ကျီများနှင့် ပန်းနုရောင်ရဲတိုက်ကြီးအား အစဉ်အမြဲ သ,နေ၏။

ပန်းနုရောင်ရဲတိုက်ကိုလည်း အစဉ်အမြဲ ပြုပြင်နေ၏။

ကြီးကျယ်သည်ထက်ကြီးကျယ်၊ ခမ်းနားသည်ထက် ခမ်းနားအောင် အစဉ်အမြဲ ပြုပြင်နေ၏။

ပန်းနုရောင်ရဲတိုက်အတွင်း၌ ရေချိုးခန်းပေါင်း (၁၃) ခန်း၊ အိပ်ခန်းပေါင်း (၁၃) ခန်း၊ ထမင်းစားခန်းပေါင်း (၁၃)ခန်း၊ စားဖိုဆောင်အခန်းပေါင်း (၁၃)ခန်း၊ ဧည့်ခန်းပေါင်း (၁၃)ခန်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် သီးသန့်အနားယူခန်းပေါင်း (၁၃)ခန်းရှိသကဲ့သို့ အခန်းတိုင်းအား ဆေးရောင်တစ်မျိုးစီ ခြယ်သထားပြီး အသန့်ဆုံး၊ အကောင်းဆုံးဖြစ်အောင် မွမ်းမံထားသည်။ ဂျိမ်း(စ်)ဘဝက ဘဝတွင် ပြည့်စုံကုံလုံပြီး လိုလေသေးမရှိပေ။

အောင်မြင်ကျော်ကြားမှုသည် အထွတ်အထိပ်ရခဲ့ပြီ။ ငွေကြေးချမ်းသာကြွယ်ဝမှုသည်လည်း အထွတ်အထိပ် ဖြစ်၏။

သို့သော် ဂျိမ်း(မ်)က ပြည့်စုံကြွယ်ဝအောင်မြင်မှုကို အပြည့်အဝရခဲ့သော်လည်း အသက်မရှည်ခဲ့ပေ။

သူမသည် ၁၉၇၀ ခုနှစ်ထဲ၌ မမျှော်လင့်ဘဲ ကားတိုက် သေဆုံးခဲ့ရသည်။ သူမ မြတ်နိုးနှစ်သက်မှုမှန်သမျှအား စွန့်လွှတ်ခဲ့ရ၏။

သူမ သေဆုံးပြီးမကြာမီ ကျန်ရစ်သူများက ပန်းနုရောင် ရဲတိုက်ကြီးအား ရောင်းချလိုက်သည်။

* * *

၂။

ဝီလျံဂျိမ်း(စ်)သည် အောင်မြင်သည့်စီးပွားရေးလုပ်ငန်းရှင် တစ်ဦး ဖြစ်၏။ ဝီလျံသည်လည်း ငွေကြေးနှင့်ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



လိုလေသေးမရှိ ပြည့်စုံသူ ဖြစ်၏။

ထို့ကြောင့် ဝီလျံသည် ဂျိမ်း(စ်)မင်း(ဖ)ဖီး၏ ပန်းနုရောင်ရဲတိုက်ကြီးအား ရောင်းချသည့်အခါ ကြိုက်ဈေးပေး၍ ဝယ်ယူလိုက်သည်။

ထို့နောက် ခမ်းနားကြီးကျယ်သည့် ပန်းနုရောင်ရဲတိုက်ကြီးဆီသို့ မိသားစုနှင့်အတူ ပြောင်းရွှေ့ခဲ့၏။

ယင်းသို့ ဝီလျံတို့မိသားစု ပန်းနုရောင်ရဲတိုက်ကြီးဆီသို့ ပြောင်းရွှေ့လာပြီး မကြာခင် ထူးဆန်းသည့်ဖြစ်ရပ်များနှင့် ဝီလျံတို့မိသားစု ကြုံတွေ့ခဲ့ရသည်။

"သိပ်ကိုထူးဆန်းတဲ့အကြောင်းတွေပဲ"

ဟု ဝီလျံက ပြော၏။

မှန်သည်။ ဖြစ်ရပ်များကလည်း ထူးဆန်း၏။

ပြောရလျှင် တစ်ည...

ဝီလျံဂျိမ်း(စ်) ဧည့်ခန်းတွင်း၌ ထိုင်နေစဉ် သားမွေးအင်္ကျီဝတ်ထားသည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရ၏။

အမျိုးသမီးသည် ဝီလျံဂျိမ်း(စ်)ရှေ့မှဖြတ်ပြီး အခန်းတစ်ခန်းတွင်းသို့ ဝင်သွားခြင်းဖြစ်၏။

ဝီလျံဂျိမ်း(စ်)သည် မကြောက်တတ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးမွေးညင်း ထသွား၏။

ဒါကို ဝီလျှံဂျိမ်း(စ်)တစ်ဦးတည်း မြင်သည်မဟုတ်။

"ဒီသားမွေးအင်္ကျီဝတ်အမျိုးသမီးကို ဝီလျှံပဲ မြင်တာ မဟုတ်ဘူး။ ကျွန်မလည်း အကြိမ်ကြိမ် မြင်ခဲ့တယ်။ မြင်တိုင်း သားမွေးအင်္ကျီတစ်ထည်စီနဲ့ပါ"

ဟု ဝီလျှံဇနီးက ပြောသည်။

ဝီလျှံတို့မိသားစုဝင်အားလုံး သားမွေးအင်္ကျီဝတ်အမျိုးသမီးအား မြင်ခဲ့၏။ သူတို့သည် ကြောက်ရွံ့တတ်သူများမဟုတ်သော်လည်း စိတ်အနှောင့်အယှက် ဖြစ်ရ၏။

ထို့ကြောင့် ပန်းနုရောင်ရဲတိုက်ကို ရောင်းလိုက်၏။

"ကျွန်မ ဒီရဲတိုက်ကြီးကို မြတ်နိုးပေမယ့် ကြာတော့ စိတ်အနှောင့်အယှက် ဖြစ်လာတယ်။ ဒါကြောင့် မြန်မြန်ရောင်းလိုက်ရတာယ်"

ဟု သူ့ဇနီးက ပြောပြ၏။

ထို့နောက် ပန်းနုရောင်ရဲတိုက်သည် ပိုင်ရှင်တစ်ဦးပြီး တစ်ဦး ပြောင်းခဲ့၏။

သို့သော် ပန်းနုရောင်ရဲတိုက်အား ဝယ်ယူသူတိုင်းသည် ဂျိမ်း(စ်)မင်(ဖ်)ဖီး၏ ဝိညာဉ်နှောင့်ယှက်မှုကို မခံနိုင်ခဲ့ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



"ရဲတိုက်ကြီးကို နှစ်သက်မြတ်နိုးပေမယ့် ဝိညာဉ်ရဲ့ နှောင့်ယှက်မှုကို မခံစားနိုင်ဘူး"

ပန်းနုရောင်ရဲတိုက်ပိုင်ရှင်များ၏ နှုတ်ထွက်စကား…

* * *

၃။

ပန်းနုရောင်ရဲတိုက်ကြီးသည် ပိုင်ရှင်တစ်ဦးပြီးတစ်ဦး ပြောင်းခဲ့ရာမှ ယခု ဟာစ်ပါဒင့်အမည်ရှိ သူဌေးတစ်ဦးလက်ထဲသို့ ရောက်ခဲ့ပြီ။

"ပန်းနုရောင်ရဲတိုက်က စွဲမက်စရာကောင်းပေမယ့် ဂျိမ်း(စ်)ရဲ့ဝိညာဉ်ကို မြင်တွေ့နေရတာ"

ဟု ပြော၏။

"ခုဆို နေ့ဘက်တွေပါ ရိပ်ခနဲ ရိပ်ခနဲ တွေ့ရတာ"

ဟု ဖြည့်စွက်ပြော၏။

မီဒီယာတစ်ဦးက-

"ပန်းနုရောင်ရဲတိုက်ဟာ ဂျိမ်း(စ်)မင်း(ဖ်)ဖီးပိုင်လို့ ဂျိမ်း(စ်)ဝိညာဉ်လို့ ပြောတာလား"

"မဟုတ်ဘူး…တခြားဝိညာဉ်ဆိုရင် တွေ့တိုင်း သားဖွေး

www.burmeseclassic.com



အင်္ကျီ ဝတ်ထားမလား။ ခု ကျွန်တော်တို့တွေ့တဲ့ ပန်းနု ရောင်ရဲတိုက်ထဲက ဝိညာဉ်က တွေ့တိုင်း သားမွေး ကုတ်အင်္ကျီရောင်စုံ ဝတ်ထားတယ်။ သားမွေး ကုတ်အင်္ကျီ တဖားဖားနဲ့ သွားလာလှုပ်ရှားနေတာ"

"ဝိညာဉ်က ရဲတင်းလာပြီလား"

သူဌေးကြီး ဟစ်ပါဒင့်က စိတ်ပျက်လက်ပျက် ဦးခေါင်းကို ခါယမ်းပြီး-

"ဂျိမ်း(စ်)ရဲ့ဝိညာဉ် ရဲတင်းတာကတော့ ပြောမပြောချင်တော့ဘူး။ ကျွန်တော် တွေ့တာပြောပြမယ်။ တစ်ည ကျွန်တော်တို့မိသားစု ညေ့ခန်းထဲထိုင်နေတုန်း သားမွေး အင်္ကျီဝတ်ဝိညာဉ်တစ္ဆေဟာ ညေ့ခန်းထဲကို ဝင်လာတယ်။ ပြီးတော့ ကျွန်တော်တို့မိသားစုကို တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားတယ်"

"ဟာ...မလွယ်ပါလား"

"ဟုတ်ပါ့...ဒါကြောင့် ကျွန်တော် ဒေါသဖြစ်ပြီး ဂျိမ်း(စ်)နောက်က လိုက်သွားမိတယ်။ ဂျိမ်း(စ်)ဝိညာဉ်က သွက်သွက်လျှောက်သွားသလို ကျွန်တော်လည်း နောက်က ခပ်သွက်သွက် လိုက်ခဲ့တယ်။ သူ လှေကား

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်သွားတော့ ကျွန်တော် တက်လိုက်တယ်။ ခက်တာက အပေါ်ထပ်လှေကားထိပ်ရောက်တော့ ရုတ်တရက် ပျောက်သွားတယ်"

"ခင်ဗျား… စိတ်အနှောင့်အယှက်ဖြစ်သွားလား"

ဟာစ်ပါဒင့်က ပခုံးတွန့်ပြီး–

"ဘယ့်နှယ်ပြောပါလိမ့်…သိပ်ကို စိတ်အနှောင့်အယှက် ဖြစ်သွားတာပေါ့။ ဒါက တစ်ရက် မဟုတ်ဘူး။ နေ့စဉ် ဖြစ်နေလို့ ကျွန်တော် ပန်းနုရောင်ရဲတိုက်ကို ပြန်ရောင်းဖို့ ဆုံးဖြတ်လိုက်ပြီ"

ဟု ဆိုသည်။

ဝန်ခံချက်–

**East Week 2003 အား ခံစားပြန်ဆိုသည်။**

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ဟာ ရုပ်ခန္ဓာခွာချိန်မှာ
ဆုံတာတကြတယ်။
ဒီလိုနဲ့ ဘဝတစ်ခု
ဖန်တီးတာလည်း ဖြစ်တယ်။
ဒါဟာ ဝိညာဉ်ရဲ့ စွမ်းရည်လေ•••

www.burmeseclassic.com

www.burmeseclassic.com



## တမလွန် ရေဆန်ခရီး

သင်သည် ထူးခြားသည့်အဖြစ်အပျက်တစ်ခုအား နှဖူးတွေ့ ဒူးတွေ့ တွေ့ရမည်ဆိုပါက သင် မည်သို့ခံစားရမည်နည်း။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းများစွာကို ကြုံတွေ့ခံစားရမည်။

ဤအခါ သင်သည်…

www.burmeseclassic.com

www.burmeseclassic.com



## မိုးသည်းညမှသည်

"ဝုန်း"

"ဒုန်း"

"ဂျုန်း"

"ဒိုင်း"

အိမ်က တကယ့်ကို အိမ်အိုဟောင်းကြီးပင်။

ရတနာပုံခေတ်ပုံစံအိမ်ကြီးပင်။ အိမ်ကြီးက အိမ်နှင့်မဆူ။ စံနန်းဆောင်တစ်ခုနှင့်တူနေသည်။ အိမ်ကြီးတွင် စိန်ဟောင်းများ စုလစ်မွန်းချွန်များ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တချို့ စိန်တောင်များ စုလွန်မွှန်းချွန်များက ပျက်စီးနေသည်။ တချို့က တိုးလိုးတွဲလောင်းနှင့်။

သူမ စံအိမ်ကြီးနားသို့ ရောက်နေပြီ။

တိတိပပ ပြောရရင် ခြံဝသို့ရောက်နေပြီ။ ခြံတံခါး ပွင့်နေ၏။

ခြံကလည်း အကျယ်ကြီးပင်။

ခြံထဲမှာ ပန်းခင်းတွေ ရှိသည်။ သို့သော် ပျက်စီးနေသည်။

"ချမ်းလိုက်တာ"

သူမ အိမ်ဝတွင်ရပ်လျက် ဟိုသည်ကြည့်၏။ ချမ်းလွန်းသဖြင့် လက်ကို ယှက်ပိုက်ထား၏။ ခိုက်ခိုက်တုန်အောင် ချမ်းနေ၏။

"မဖြစ်ဘူး...ငါ အိမ်ထဲဝင်မိုးခိုမှ ဖြစ်မယ်"

သူမ ဆုံးဖြတ်လိုက်သည်။ ပြီးတော့ ခြံထဲသို့ ပြေးဝင်ခဲ့သည်။ လမ်းကလေးတစ်လျှောက် လမ်းဖြစ်၏။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် ပန်းရိုင်းတို့ ပွင့်နေ၏။ ပန်းတွေက အနီအဝါ စုံသည်။ သူမ အလှအပကို မခံစားနိုင်။

အိမ်ထဲရောက်လိုစိတ်သာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးခိုချင်ပြီ။

အိမ်ဝသို့ရောက်လျှင် သူ ပျော်သွား၏။ အိမ်တံခါးပိတ်ထားသော်လည်း သူမ တံခါးကို တွန်းလိုက်လျှင် တံခါးပွင့်သွားသည်။

"ကျွီ..."

"အမလေး"

ပတ္တာပွတ်တိုက်သံက တိတ်ဆိတ်ညတွင် ကျယ်လောင်စွာ ပေါ်ထွက်လာသဖြင့် သူမ လန့်သွားသည်။ စိတ်ကို မနည်းထိန်းလိုက်ရ၏။ မျက်လုံးမှိတ်ပြီး အသက်မနည်းရှူလိုက်ရ၏။

သူမ အိမ်ထဲဝင်ခဲ့သည်။

အိမ်ထဲ၌ လူရိပ်လူယောင် မမြင်ရ။ သူမ လျှောက်လာသည်။ အိမ်ကြီးက ကျယ်ဝန်းလှ၏။ အခေါင်အခန်းတွေလည်း များပါ၏။

သူမ အိမ်ကို အုဖောက်လမ်းအတိုင်း လျှောက်လာသည်။ အခန်းများစွာကို ဖြတ်ကျော်ခဲ့၏။ အခန်းများသည် ပိတ်လျက်။ ထို့ကြောင့် အခန်းထဲတွင် လူရှိ-မရှိ သူ မသိနိုင်။

"အိမ်က အကြီးကြီး။ လူရိပ်လူယောင် မမြင်ပါလား။ ဒီအိမ်မှာ အရှင်သခင် မရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူ တွေးလိုက်သည်။

ထိုစဉ် သူမ၏နားစည်တွင်းသို့ အသံတစ်သံ ကျူးဝင်လာသည်။ ထိုအသံကြောင့် သူမ၏ လှမ်းလက်စခြေလှမ်းများသည် တုံ့ဆိုင်းသွားသည်။ သူမ ကြားလိုက်ရသည့်အသံက အခြားမဟုတ်။ ညည်းညူသံ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## တွေ့ဆုံခြင်းမှသည်

သူမ ရုပ်လျှက် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

“အသံက ညည်းသံပဲ။ အသံက မဝေးဘူး။ ဘယ်အခန်းကဆိုတာ ငါ စူးစမ်းရမယ်”

သူ တစ်ကိုယ်တည်း တွေးလိုက်၏။

ညည်းညူသံ ဘယ်အခန်းကလာသည်ကို စူးစမ်းလိုက်၏။

“ညည်းညူသံက ညာဘက်အခန်းကပဲ”

သူမ ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ညာဘက်အခန်းနားသို့ ကပ်သွား၏။ သူ ရောက်နေရာနှင့် ညည်းညူသံပေါ်ထွက်လာသည့်အခန်းက မဝေးလှ။ ခြေလှမ်း ငါးလှမ်းခန့် လျှောက်လိုက်သည်နှင့် အခန်းနားသို့ ရောက်၏။

အခန်းဝတွင် ရပ်လိုက်၏။

အခန်းတံခါး ပိတ်ထား၏။ သူမ အခန်းတံခါးကို အသာတွန်းဖွင့်လိုက်၏။ အားမစိုက်ရ။ အခန်းတံခါး ပွင့်သွား၏။

အခန်းထဲ၌ အလင်းရောင် အားနည်းလှ၏။ အခန်းထဲ၌ နှစ်ဆယ်အားမီးတိုင် မီးလုံးတစ်လုံးသာ ရှိ၏။ အခန်းထောင့်စွန်းတွင် ခုတင်တစ်လုံး ရှိ၏။ ခုတင်ပေါ်၌ မိန်းကလေးတစ်ဦး အိပ်နေသည်လား။

အခန်းဝဘက်ကို ကျောပေးထား၏။ စောင်ခြုံထား၏။ ညည်းညူသံကို ကြားနေရဆဲ။

သူ မိန်းကလေးနားသို့ ဖြည်းညင်းစွာ လျှောက်သွားသည်။ မိန်းကလေးသည် သူ့ကို မကြည့်။ ညည်းညူနေဆဲ။

အပြင်မှာ မိုးမတိတ်သေး။

အပြင်မှာ မိုးရွာလေတိုက်ပြီး လျှပ်တွေဖြိုးဖြက်နေကြောင်း မှန်တံခါးမှ အတိုင်းသား မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူ ခုတင်နားသို့ရောက်ခဲ့သည်။

"မိန်းကလေး"

သူမ ခေါ်လိုက်၏။

"ဟင်..."

ညည်းညျူသံနှင့် လှည့်လာသည်။

"အို..."

ဤအခါ သူ စိုးထိတ်သွား၏။ မိန်းကလေးက မိန်းမ ချောလေးပင်။ ထို့အတူ မိန်းကလေးသည် ကိုယ်ဝန်အရင့်အမာ ရှိပြီး မွေးခါနီးဟု သိလိုက်သည်။

"မင်း...မင်း"

"ဟုတ်တယ်...ကျွန်မ ဗိုက်နာနေတယ်။ မွေးတော့မယ် ထင်တယ်"

"ဒါဆို မမ ဘာကူညီရမလဲ။ မင်း သတိထားနော်။ ခါးမလိမ်လိုက်နဲ့"

"မမလက်ကို ကိုင်ထားပါရစေနော်"

"ကိုင်ထား...ညီမ၊ မင်း ဘာမှအားမငယ်နဲ့"

သူက လက်ကမ်းလိုက်တော့ သူ့၏လက်ကို ဆုပ်ကိုင် လိုက်၏။ သူမ မိန်းကလေးမျက်နှာကို စိုက်ကြည့်နေ၏။ ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



၌ စိုးရိမ်မှုတွေလည်း အပြည့်ပင်။ ဒီလို မွေးခါနီးမှာ ဘာကြောင့် အနားမှာ မရှိကြတာလဲ။ သူ့မ ခင်ပွန်းကကော ဘယ်သူလဲ။

ဒီမိန်းကလေးက ကိုယ့်မိုက်မှားမှုအတွက် ကိုယ်တိုင် သင်ပုန်းချေနေတာလား။ သူ တွေးနေစဉ် မိန်းကလေးက သူ့လက်ကို ဆုပ်ကိုင်ရင်း ညှစ်လိုက်ကြောင်း သိသည်။ ထို့အတူ ဝါးခနဲ ကလေးငိုသံ ကြားရသည်။

"ဟုတ်တယ် ကလေးမွေးပြီ"

"ဘာမှ အားမငယ်နဲ့ မိန်းကလေး။ မင်း မွေးနိုင်ပြီ။ ယောကျ်ားလေးလား…မိန်းကလေးလား ကြည့်ရအောင်"

"မမ..မမ"

သူမကို ခေါ်လိုက်ကြောင်း သိသည်။

"မင်း ဘာပြောမလို့လဲ။ ဘာမှမပြောနဲ့လေ…မင်း နားနေလိုက်။ ဒီအချိန်မှာ အနားယူလိုက်တာ အကောင်းဆုံးပဲ။ မမ ကလေးကို ကြည့်လိုက်ဦးမယ်"

သူမက ပြောရင်း ကလေးကိုကြည့်ရန် လှုပ်ရှားလိုက်၏။

သို့သော် သူ သွားလို့မရ။ သူ့လက်ကို ဆွဲထားကြောင်း သိသည်။ သူ လှည့်ကြည့်လိုက်၏။ မိန်းကလေး သူမအား ညှိုးငယ်စွာ ကြည့်နေရာမှ မျက်လုံးမှိတ်သွားသလို လက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်သွားသည်။

"မိန်းကလေး...မိန်းကလေး"

သူမ ခေါ်လိုက်သည်။

မိန်းကလေး မထူးနိုင်တော့။ မိန်းကလေး သေပြီလေ။

"မိန်းကလေး"

"မိန်းကလေး"

* * *

www.burmeseclassic.com

www.burmeseclassic.com



ချောက်အိပ်မက်မှသည်

"မိန်းကလေး...မိန်းကလေး"

သူမ ခေါ်သည်။

သူမ စိတ်တွေမျောလွင့်နေသလိုပဲ။ ထိုစဉ် သူ့ပခုံးကို ဆုပ်ကိုင်လိုက်ကြောင်း သိလိုက်သည်။ သူမ လန့်သွား၏။

ထိတ်လန့်တကြား ခံလိုက်ရပြီး မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်၏။ ထို့ကြောင့် သူ့အား စီးမိုးကြည့်နေသည့် မောင့်ကို တွေ့လိုက်ရ၏။

"ခက်...ဘာဖြစ်နေလဲ"

မောင်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်…ခက် ကြောက်လိုက်တာ"

မောင့်ရင်ခွင်သို့ ခိုဝင်ပြီး ခက်ခက်က ပြောလိုက်သည်။

မောင်က ခက်ခက်ကို ကြင်နာစွာ ကြည့်ရင်း-

"ခက်…အိပ်မက်မက်နေပြန်ပြီလား"

ဟု မေးသည်။

"ဟုတ်တယ် မောင်၊ ခက် အိပ်မက်မက်နေတယ်။ အိပ်မက်က ထိတ်လန့်စရာကြီးပါ"

ဟုပြောရင်း သူမ အိပ်မက်အကြောင်းကို ပြောပြသည်။ မောင်က ပြုံး၍ နားထောင်နေ၏။ စကားဆုံးလျှင်-

"ဒါပေမယ့် ခက် ကြောက်နေတယ်"

"ဘာဖြစ်လို့လဲ ခက်"

"ဒီအိပ်မက်ဟာ နိမိတ်တစ်ခု ဖြစ်နေမှာကိုလေ"

မောင်က သက်ပြင်းချပြီး-

"ဥပဒါန်းကြောင့် ဥပါဒ်ရောက်တတ်တယ်တဲ့ ခက်။ မောင့်ဆန္ဒကတော့ အရာရာကို မေ့လိုက်စေချင်တယ်။ အစွဲအလမ်းဟာ လူကို ဒုက္ခပေးတတ်တယ်ဆိုတာ မမေ့နဲ့ ခက်"

"ခက် နားလည်သင့်သလောက် နားလည်ပါတယ် မောင်…ဒါပေမယ့် ခက် မေ့မရဘူး။ စိုးရိမ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကတော့ မေ့ပစ်လိုက်စေချင်တယ်။ အိပ်မက်ဟာ တကယ်မှ မဟုတ်တာဘဲ ခက်ရယ်"

ထို့နောက် ခက် ဘာမှမပြောတော့။ ထို့အတူပင် ခက်လည်း သည်အကြောင်းကို မမေ့နိုင်ခဲ့ပါ။

"ဘုရား...အိပ်မက်ဟာ အိပ်မက်ပဲဖြစ်ပါစေ"

* * *

ထိုစဉ် သူမအား စိုးရိမ်ထိတ်လန့်မှုကို ပိုစေရန် အကြောင်းတစ်ခုက ဗူးလေးရာ ဖရုံဆင့် ပေါ်လာခဲ့၏။ ဒါက အခြားမဟုတ်။

ခက်ခက်တစ်ယောက် အစားပျက်ပြီး အော့အန်ခြင်းကြောင့် ဆေးခန်းပြရာ ဆရာဝန်က မောင့်ကိုကြည့်၍-

"ဘာမှ စိုးရိမ်စရာမရှိဘူး။ ကိုမင်းဝေ...ဝမ်းသာရမယ့်ကိစ္စပါ။ ခင်ဗျားတို့မှာ ရွှေမရှား ငွေမရှား ပြည့်စုံခဲ့ပေမယ့် သားသမီးရတနာ မရှိခဲ့ဘူးလေ။ ခုတော့ ပြည့်စုံပြီလို့ ဆိုရတော့မယ်ဗျ"

ဟု ပြောသည်။

မောင့်မျက်နှာ ဝင်းလက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ…ခက်ရင်ထဲမှာ ရင်သွေးလေးရှိနေပြီ ဟုတ်လား"

"ဟုတ်တယ်…ကိုမင်းဝေ၊ ခင်ဗျားဇနီးလောင်း ပတ္တမြား ရွှေကြုတ် နှုတ်ငုံစပြုနေပြီ"

"ဟာ…ဝမ်းသာလိုက်တာဗျာ"

မောင် ဝမ်းသာနေ၏။ မောင် ဝမ်းသာနေသဖြင့် သူမ ဘာမှမပြောခဲ့သော်လည်း သူမ ရင်ထဲတွင်မူ စိုးထိတ်နေ၏။ ဒီရင်သွေးဟာ ငါ့အတွက် အကောင်းမှဟုတ်ရဲ့လား။ ဟိုအိပ်မက်ဟာ နိမိတ်တစ်ခုများ ဖြစ်နေမလားဟု တွေးနေမိသည်။

"ဟိုသည် မစဉ်းစားနဲ့ ခက်…အိပ်မက်ဟာ တကယ် မဟုတ်ဘူး"

ဟု ပြောသည်။

ထို့အတူ မောင့်သူငယ်ချင်း စိတ်ရောဂါကုဆရာဝန်ကိုမြတ်စိုးကလည်း-

"ကျွန်တော် ခက်ခက်ကို တစ်ခုအကြံပေးချင်တာက အရာရာကို မေ့ထားဖို့ပဲ။ ခက်ခက် အထူးသဖြင့် ခင်ဗျားရဲ့စိတ်ကို အဆိပ်အတောက်ဖြစ်စေမယ့်အစွဲမျိုးတွေကို မတွေးနဲ့။ လောကမှာ စိတ်ကြောင့် ရုပ်ဒုက္ခ ဖြစ်ရတာ အများကြီးရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြသည်။

ခက်ခက်က-

"တချို့က အိပ်မက်ကို နိမိတ်တစ်ခုလို့ ပြောကြတယ်။ အဲဒါကော မမှန်ဘူးလို့ ဆရာက ဆိုချင်တာလား"

ဟု ပြန်မေးမိသည်။

ဒေါက်တာမြတ်စိုးက ပြုံးသည်။

"ဒီအယူအဆဟာ ရိုးရာအယူအဆဖြစ်နေလို့ မမှန်ဘူးလို့ မပြောနိုင်ဘူး"

"ကျွန်တော်ပြောချင်တာက အိပ်မက်ရခြင်းအကြောင်းတွေ ရှိတယ်။"

"ဒီအကြောင်းတွေ ဆရာ သိလား"

ဒေါက်တာမြတ်စိုးက ခေါင်းညိတ်သည်။ ပြီးမှ-

"ကျွန်တော် အိပ်မက်နိမိတ်နဲ့ပတ်သက်လို့ လေ့လာဖူးတယ် ခက်ခက်။ လေ့လာရသမျှပြောရရင် အိပ်မက် မက်ခြင်းနဲ့ပတ်သက်လို့ အိပ်မက်ကြီးခြောက်ပါး ရှိတယ်။ အဲဒါတွေက ဘာတွေလဲဆိုတော့ (၁)မြင်ဖူးသည်ကို စွဲ၍မက်မှုအကျိုးအပြစ် ရှိ၏။ (၂)ကြားဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ် ရှိ၏။ (၃)ခံစားဖူး

www.burmeseclassic.com

www.burmeseclassic.com



သည်ကို စွဲ၍မက်မှု အကျိုးအပြစ် ရှိ၏။ (၄)ကြံ့ဖူး သည်ကို စွဲ၍မက်မှု အကျိုးအပြစ် ရှိ၏။ (၅)မြင်ဖူး သည်ကို စွဲ၍မက်မှု အကျိုးအပြစ် မရှိ။ (၆)စိတ်ချောက်ချား၍မက်မှု အကျိုးအပြစ်မရှိလို့ ဆိုထားတယ်။ အဲဒီလိုပဲ အိပ်မက်နဲ့ပတ်သက်လို့ နောက်တစ်နည်း ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ (၁)နတ်တို့ပြော၍ မက်မှုအကျိုးအပြစ် ရှိ၏။ (၂)ရှေ့ခံစားဖူး၍ မြင်မက်မှုအကျိုးအပြစ် မရှိ။ (၃)စိတ်ချောက်ချား၍မက်မှု အကျိုးအပြစ် မရှိ။ (၄)အကျိုးပေးလတ္တံ့သောကြောင့် မက်မှု ကေန္တ အကျိုးရှိ၏ဟု ဆိုထားတာ တွေ့ရတယ်"

"အိပ်မက်အကြောင်းတွေက အများကြီးပဲနော်"

သူမက ပြောလိုက်မိ၏။

ထိုအခါ ဒေါက်တာမြတ်စိုးက–

"အများကြီးရှိတာပေါ့ ခက်ခက်...အိပ်မက်နဲ့ပတ်သက်လို့ လေ့လာရင် မက်ရတဲ့အကြောင်းအရင်းရှိသလို အချိန်အခါနှင့် အကျိုးအပြစ်ရှိသလို အကျိုးရှိအောင်ချိုးမဲ့ ဆိုတာလည်း ရှိတယ်"

ဟု ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခက်ခက်ကို ရှင်းပြပါလား" ဟု ပြောလိုက်သည်။ ထိုအခါ မောင်က-

"ဒီတစ်ခါတော့ မောင်ကပဲ ရှင်းပြပါ့မယ်"

ဟုဆိုသဖြင့် မောင့်ကို သိလိုက်မိသည်။

"မောင်လည်း သိတယ်"

မောင်က ခေါင်းညိတ်ပြီး-

"သိတာပေါ့ ခက်...ရိုးရာကိစ္စဆိုတော့ သိသင့်တယ်လေ။ အိပ်မက်ရဲ့မက်တဲ့အခါတွေ ရှိတယ်။ အခါနဲ့ပတ်သက်လို့ ရှေးဆရာတွေက နေ့အခါမက်တာနဲ့ ပထမယံမက်ရင် အကျိုးအပြစ်မပေးဘူးလို့ ဆိုတယ်။ သန်းခေါင်ယံမက်ရင် မိုးသောက်ယံမက်ရင် အရုဏ်တက်မက်ရင် အကျိုးအပြစ်ပေးအံ့လို့ အဆိုရှိတယ်။ ဒါတွေနဲ့ပတ်သက်လို့ ထပ်လေ့လာရင် ပထမယံမက်ရင် တစ်နှစ်အတွင်း အကျိုးအပြစ်ပေးတယ်။ ဒုတိယယံမက်ရင် (၆)လအတွင်း အကျိုးအပြစ်ပေးတယ်။ တတိယယံနဲ့ စတုတ္ထယံမက်ရင် (၅)လအတွင်း အကျိုးအပြစ်ပေးတယ်။ အရုဏ်တက်မက်ရင်တော့ (၁၀)ရက်အတွင်း အကျိုးအပြစ်ပေးတယ်လို့ ဆိုရိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်”

“အိပ်မက်က တော်တော်ကျယ်ပြန့်တယ်နော်”

“အမှန်ပဲပေါ့ ခက်…အိပ်မက်မက်တဲ့နေ့အလိုက်ကို ကြည့်ပြီး ဘယ်သူ့အတွက်ဆိုတာလည်း သိနိုင်တယ်”

ခက်ခက်က တအံ့တသြနှင့်-

“ဟုတ်လား မောင်” ဟု မေးသည်။

“ဟုတ်တယ် ခက်…အိပ်မက်မက်တဲ့နေ့ကိုကြည့်ပြီး ဘယ်သူ့အတွက် မက်တယ်ဆိုတာ သိနိုင်တယ်။ တနင်္ဂနွေနေ့မက်ရင် မယားအတွက်မက်တာ။ တနင်္လာနေ့မက်ရင် ဆွေမျိုးအတွက်မက်တာ။ အင်္ဂါနေ့မက်ရင် မိဘဆရာသမားအတွက် မက်တာ။ ဗုဒ္ဓဟူးနေ့မက်ရင် သားသမီးအတွက် မက်တာ။ ကြာသပတေးနေ့မက်ရင် အဆွေခင်ပွန်းအတွက်၊ သောကြာနေ့မက်ရင် ကျွန်၊ ကျွဲနွားအတွက်။ စနေနေ့မက်မှ ကိုယ့်အတွက်မက်တာ ခက်…ခက်ရဲ့အိပ်မက်မက်တာ ဘယ်နေ့ဆိုတာ မှတ်မိလား”

“ဟင့်အင်း…”

ခက်ခက်က ကလေးလေးလို မျက်လုံးအဝိုင်းကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ခေါင်းခါ၏။

သည်သောအခါ ဒေါက်တာမြတ်စိုးက-

"ဒါဆို ခက် မစဉ်းစားနဲ့တော့။ အိပ်မက်မကောင်းတဲ့ အပြစ်ပြေဖို့အတွက် ကျွန်တော် ယတြာပေးမယ်"

"ယတြာ...ဟုတ်လား ဆရာ"

"ဟုတ်တယ်...အိပ်မက်ယတြာတွေနဲ့ပတ်သက်လို့ ကျွန်တော်ကတော့ အကုံရသေ့တိတ္ထုကျမ်းအလိုကို အကြိုက်ဆုံးပဲ"

"ဘယ်လိုယတြာလဲ ဆရာ"

"မကောင်းတဲ့အိပ်မက်မက်ရင် ရတနာသုံးပါး မိဘ ဆရာသမားကို ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းကိုပြုရင် မကောင်းကျိုးတွေပျောက် ပြီး ကောင်းကျိုးရောက်တယ်တဲ့ ခက်"

"ဘယ်လိုလုပ်ရမယ်"

ခက်က ပြောလိုက်၏။

သူ့စိတ်ထဲ၌ ဇေါ်ပါးသလို ဖြစ်နေ၏။ မြို့တော ကံကောင်းပါစေဟု ဆုတောင်းရမည်မှာလည်း ခမောပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကံကောင်းခြင်းလက်ဆောင်

သူမသည် အိပ်မက်အကြောင်းကို မေ့ထားခဲ့သော်လည်း လရင့်လာသည်နှင့်အမျှ စိတ်တထင့်ထင့် ခံစားရသည်။ လရင့်လာသလို ထိုအိပ်မက်ကား ခဏခဏ မြင်မက်လာသည်။

"ဒီအိပ်မက်ပဲ မက်နေတယ် မောင်"

ခက်က ပြောသည်။

"မောင်ကတော့ ခက် စွဲလမ်းစိတ်နဲ့မက်နေတယ်လို့ပဲ ထင်တယ်"

"မောင် ပြောချင်တာက ခက်...ဥပဒါန် မဖြစ်စေချင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခက်လည်း ကြိုးစားပါတယ် မောင်။ အိပ်မက်ထဲက အတိုင်း မောင့်ကိုယ်ပွားကလေး မွေးပေးပြီး သေခဲ့ရင်တောင် ခက် သေဝံ့တယ်။ ခက် စိုးရိမ်တာက မောင့်ကိုပဲ။ မောင် အထီးကျန်နေခဲ့မှာ စိုးတယ်။ မောင့်ကို ခက် မခွဲနိုင်ဘူး"

"ခက်ရယ်...မောင်နဲ့ခက်နဲ့က သေမှခွဲရမှာပါ။ အိမ်ထောင်သက် နှစ်တစ်ရာတိုင်မယ်လို့ပဲ မောင် ယုံတယ်"

"ခက်လည်း ဒီအတိုင်းဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

"ခက်ရယ်"

မောင်ကမူ အားပေးဖော်ကြင်နာဖက် ပီသသည်။ ခက်ကို ဂရုလည်းစိုက်၏။ သည်လိုနှင့် ရက်ပေါင်းများစွာ ဖြတ်သန်းခဲ့သည်။

သို့နှင့် ရင်သွေးကို မွေးမည့်ရက်သို့ ရောက်ခဲ့သည်။

"ဒီကနေ့ဟာ ဂျူးဒိတ်ပဲ မောင်။ ခက်လေ အိပ်မက် အတိုင်းဖြစ်မှာကို စိုးတယ်။ ခက်ရယ်...ဘာတွေ စဉ်းစားနေတာလဲ။ ခက်ရဲ့ရင်သွေးကို ချော့မောစွာ မွေး နိုင်မယ်လို့ မောင် ယုံတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ခက် မရှိခဲ့ရင် ခက်တို့ရင်သွေးလေးကို ဂရုစိုက်ပါနော်"

"ခက်ရယ်…ခက် ဘာမှမဖြစ်ဘူးဆိုတာ မောင်ယုံတယ်"

ခုတော့ ခက်ခက်သည် မွေးချိန်နီးသဖြင့် မွေးခန်းတွင်းသို့ သွင်းလိုက်ရပြီ။ မင်းဝေသည် ခက်၏လက်ကို လွှတ်လိုက်ရတော့ ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ ဘာကိုမျှ ယုံကြည်မှုမရှိသော်လည်း ခက်ပြောသလို အိပ်မက်အတိုင်း ဖြစ်သွားမှာကို စိုးရိမ်ပြန်သဖြင့် စိတ်ကို မနည်းထိန်းသိမ်းထားရ၏။

ထို့ကြောင့် မင်းဝေ ဂဏှာမငြိမ် ဖြစ်ခဲ့ရ၏။

နာရီလက်တံတွေ လှုပ်ရှားနေသလို သူ့ရင်တွေ ခုန်နေ၏။ သူ ရင်မောစွာ မွေးခန်းတွင်းမှ တုံ့ပြန်သံကို စောင့်နေရ၏။

ထိုစဉ် မွေးခန်းတွင်းမှ ဒေါက်တာခင်လေးမူ ထွက်လာသည်။

"ဒေါက်တာ…ခက်…ခက်ခက်အခြေအနေ ဘယ်လိုရှိလဲ။ သားလေးလား…သမီးလေးလားဟင်"

ဟု အလောတကြီး မေးလိုက်၏။

"မိခင်ရောကလေးရော အခြေအနေကောင်းတယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဝေ။ ရှင့်သမီးလေးက ချစ်စရာလေးပါ"

"ဟုတ်လား…ကျွန်…ကျွန်တော် တွေ့လို့ရမလားဟင်"

"မကြာခင် မွေးခန်းထဲက ထုတ်တော့မှာပါ ကိုမင်းဝေ"

"ကျေးဇူးပါပဲ ဒေါက်တာ"

* * *

သီးသန့်ခန်းကိုရောက်လျှင် ခက်ကို တွေ့ရ၏။

"ခက်"

ခက်က သမီးကို ထွေးပိုက်လျက် ခက်မျက်နှာ လန်းဆန်းနေ၏။

"မောင်"

"ခက်ရယ် ဝမ်းသာလိုက်တာ။ ကဲ မောင် ပြောတယ် မဟုတ်လား"

"ခက်လည်း ကံကောင်းတဲ့အတွက် ဝမ်းသာတယ်"

"ဒါဆိုရင် ခက် ဘာမှမတွေးနဲ့တော့။ သမီးကလေး အတွက် မောင်တို့ ကြိုးစားရမယ်။ မောင်တို့အချစ်ဲ သမီးကလေးဘဝ လန်းဆန်းစိုပြေစေရမယ်နော်"

ခက်က ပြုံးသည်။ ကိုမင်းဝေ ခက်ကို ခပ်ဖွဖွ နမ်းသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## တမလွန် ရေဆန်ခရီးသည်

သမီးကလေးက ချစ်စရာကောင်းသည်။ မောင်ကလည်း သမီးကို ချစ်သည်။ အထူးသဖြင့် ဝမ်းဖြင့်လွယ်မွေးရသော ခက်က ပို၍ချစ်သည်ဆိုရမည်။ ခက်အနေနှင့် သူ့ကလေးကို ချစ်ရသည်မှာ နောက်အကြောင်းအနေလည်း ရှိ၏။

ထိုအကြောင်းက တခြားမဟုတ်။ သမီးကလေး၏မျက်နှာက အိပ်မက်ထဲက မိန်းကလေးမျက်နှာနှင့် တူနေသောကြောင့် ဖြစ်၏။ ခက်သည် သမီးကလေးအား အိပ်မက်ထဲမှ မိန်းကလေးလို အထီးကျန်မဖြစ်စေရဟု ဆုံးဖြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကလေးက ချစ်စရာလေးနော်"

မောင်က ပြော၏။

"ခက်ကတော့ သမီးကလေးဟာ ချစ်စရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းတယ်လို့ထင်တယ်"

"ဘာကြောင့်လဲ ခက်"

"လောလောဆယ် ခက် မပြောတတ်ဘူး။ ဒါပေမယ့် တစ်ချိန်မှာတော့ အဖြေပေါ်လာလိမ့်မယ် မောင်"

"ခက်ရယ် မဟုတ်တာတွေ မတွေးပါနဲ့"

"ခက်လည်း မတွေးချင်ပါဘူး"

ထို့နောက် သူတို့ မေ့မေ့ပျောက်ပျောက် နေခဲ့သည်။ သို့နှင့် အချိန်တို့ ကုန်မှန်းမသိ ကုန်သွားခဲ့သည်။ ဤသို့ဖြင့် သမီးကလေး စကားပြောတတ်သည့်အရွယ်သို့ ရောက်လာသည်။ ထိုစဉ် သမီးကလေးက ထူးခြားသည့်စကားတစ်ခု ပြော၏။

"သမီး မြိုင်သာယာကို သွားချင်တယ် အမေ" ဟု ပြောသည်။

သမီးက မြိုင်သာယာကို သွားချင်တယ်ဆိုတော့ ခက် အံ့ဩရသည်။ မြိုင်သာယာကို ခက်သမီးက မကြားဖူးသည့်မြို့။

"မြိုင်သာယာဟာ ဘယ်မှာလဲ။ မေမေ မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ မသိပေမယ့် သမီး သိတယ်လေ။ မြိုင်သာယာမှာ သမီးရဲ့ ဟိုးဘဝဟောင်းက အဖေနဲ့အမေ ရှိတယ်"

"ဘာရယ်. . .ဘဝဟောင်းက အဖေနဲ့အမေ ဟုတ်လား"

"ဟုတ်တယ် မေမေ၊ ဘဝဟောင်းတုန်းက သမီးရဲ့နာမည်က စုနန္ဒာလေ။ သမီး သားကလေးမွေးတဲ့နေ့မှာ သမီး သေခဲ့ရှာ။ သမီး သူတို့ကို လွမ်းတယ် မေမေရယ်"

ခက် ဘာပြောရမည်ကို မသိ။

ခက်သည် သမီးလေး၏စကားများကို နားထောင်ရင်း ကျောချမ်းသွားမိ၏။ အိပ်မက်အကြောင်းကို သတိရမိပြန်၏။ သမီးကလေးသည် ခက်အိပ်မက်၌ တွေ့ခဲ့သည့် မိန်းကလေးများလား။

"မေမေ လိုက်ပို့မလားဟင်"

သမီးက မေးသည်။ ခက်က သက်ပြင်းချပြီး-

"သမီး ဖေဖေကို ပြောပြမယ်လေ" ဟု ပြောရ၏။

သမီးက "သမီးကို လိုက်ပို့ပါနော်" ဟု ဆို၏။

ခက် သမီးကို ကြင်နာစွာ ထွေးဖက်လိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအား မောင့်ကို ပြောပြရသည်။

"သမီးက မြိုင်သာယာကို သွားချင်တယ်ပြောတယ်… ဟုတ်လား"

"ဟုတ်တယ် မောင်…မြိုင်သာယာဆိုတာ ရှိလား"

"ရှိတယ် ခက်…မြိုင်သာယာဆိုတာက မန္တလေးနဲ့မဝေး တဲ့ တစ်နေရာမှာရှိတဲ့ မြို့ကလေးပဲ"

"ဒါဆို ဒီမြို့ကို သွားရင်ကောင်းမလား မောင်"

"မောင်လည်း ဒါပဲ စဉ်းစားနေတာ"

"ခက်လည်း သွားချင်တယ်မောင်…မြိုင်သာယာသွား ခြင်းအတွက် ထူးခြားတဲ့ဖြစ်စဉ်တစ်ခု ပေါ်ပေါက်နိုင် မယ်လို့ ထင်တယ်"

"မောင် ကြိုးစားမယ် ခက်။ ဒေါက်တာမြတ်စိုးနဲ့ တိုင်ပင် ပြီး အမြန်စီစဉ်မယ်"

ထို့နောက် ခက်နှင့်သမီးတို့သည် မောင်နှင့်ဒေါက်တာ မြတ်စိုးတို့၏စီစဉ်မှုနှင့် မြိုင်သာယာသို့ ခရီးနှင်ခဲ့သည်။

သမီးသည် ပျော်နေ၏။

"သူတို့အားလုံး အုံ့ဩဝမ်းသာကြမှာ အမှန်ပဲ ဖေဖေ"

* * *

www.burmeseclassic.com

www.burmeseclassic.com



မြိုင်သာယာသို့ ရောက်ခဲ့ပြီ။

မြိုင်သာယာသို့ရောက်လျှင် ပထမဆုံး အံ့ဩရသည်က ခက်နှင့်မောင် ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် သမီးကလေးသည် မြိုင်သာယာသို့ရောက်လျှင် မြူးကြွပျော်ရွှင်နေ၏။

"မြိုင်သာယာလည်း သိသိသာသာ ပြောင်းလဲသွားတယ် မေမေ"

ဟု ပြော၏။

"အခု ဖေဖေတို့ ဘယ်သွားမလဲ"

မောင်က မေးလိုက်သည်။

"သမီး ဘဝဟောင်းက အမေနဲ့အဖေဆီ သွားမယ်လေ"

"သူတို့က ဘယ်မှာလဲ"

"မြို့လယ်မှာလေ…သမီး ပြမယ်"

ဒေါက်တာမြတ်စိုးနှင့်အတူ သားဖသုံးယောက် မြို့တွင်းသို့ ဝင်ခဲ့သည်။ လမ်း၌ ထူးခြားသည့်အဖြစ်တစ်ခု ကြုံ၏။ ထိုအဖြစ်က အခြားမဟုတ်။ သမီးသည် လူငယ်တစ်ဦးအား တွေ့လျှင် "သက်မောင်…သက်မောင်" ဟု ခေါ်၏။

သူငယ် တွေခနဲ ရပ်သွား၏။

"ဟဲ့…သက်မောင်၊ ငါ စုနန္ဒာလေ…နင် မေ့သွားပြီ

www.burmeseclassic.com

www.burmeseclassic.com



လား"

"ဘာ…စုနန္ဒာ ဟုတ်လား။ စုနန္ဒာ ကလေးမွေးပြီး သေသွားတာ (၈)နှစ်ခုတင်ရှိပြီပဲ"

"ဒါတော့ နင် မမေ့သေးဘဲကိုး။ ဒါထက် အဖေတို့ အမေတို့ နေကောင်းရဲ့လား"

"ကောင်း…ကောင်းပါတယ်"

"အေး…ဒါဆိုသွားမယ်…လာ…အဖေနဲ့အမေ"

ဟုပြောပြီး ထွက်သွားသည်။ မောင်နှင့်ခက်က သမီး နောက်သို့လိုက်ခဲ့သလို ဒေါက်တာမြတ်စိုးက သက်မောင်ဆိုသည့် လူငယ်နှင့် ကျန်ခဲ့၏။ သူ သက်မောင်နှင့် သမီးအတိတ် အကြောင်း စူးစမ်းနေပုံရ၏။

မကြာမီ ခက်နှင့်မောင်သည် သမီးနှင့်အတူ အိမ်တစ်အိမ် ရှေ့သို့ ရောက်လေ၏။ အိမ်ကြီးက ရှေးဆန်သည့်အိမ်ကြီး တစ်အိမ်ပင်။ သမီးက ခက်၏လက်ကို ဆုပ်ကိုင်ရင်း-

"ဒါ…သမီးဘဝဟောင်းက နေခဲ့တဲ့အိမ်လေ။ လာ… အိမ်ထဲမှာ ဘဝဟောင်းက အမေနဲ့အဖေ ရှိတယ်"

ဟုပြောပြီး 'အမေနဲ့အဖေ' ဟုခေါ်ကာ အိမ်ထဲသို့ ပြေးဝင် သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်ခက်ကမူ နောက်မှ ခပ်သွက်သွက်လိုက်ခဲ့၏။ ဧည့်ခန်းတစ်ခုရှေ့သို့ ရောက်ခဲ့ပြီ။

ဧည့်ခန်းက ကျယ်သည်။ ဧည့်ခန်းထဲမှာ အသက်(၆၀) ဝန်းကျင် အဘိုးကြီးတစ်ဦးနှင့်အဘွားကြီးတစ်ဦး ထိုင်နေ၏။ သူတို့အားတွင် သမီးနှင့်ရွယ်တူဟုဆိုသည့် ကလေးတစ်ဦး ထိုင်လျက်။

သူတို့က သမီးကို ငေးကြည့်နေ၏။

"အမေ...အဖေ"

ဟု သမီးက ခေါ်လိုက်၏။ ပြီးတော့ အဘိုးကြီး၊ အဘွားကြီးရင်ခွင်သို့ ခိုဝင်လိုက်၏။ အဘိုးကြီး ကြောင်နေ၏။ ခက်တို့ကို နားမလည်စွာ လှမ်းကြည့်သည်။

ထိုစဉ် မောင်က-

"ကျွန်တော်တို့က ရန်ကုန်ကပါ။ သမီးကလေးက မြို့သာယာမှာ သူ့ရဲ့ဘဝဟောင်းက အဖေနဲ့အမေ ရှိတယ်ဆိုပြီး လိုက်ပို့ပါဆိုလို့ လိုက်ပို့တာပါ"

ဟု ပြော၏။

"ဘာ...ဘဝဟောင်းက အဖေနဲ့အမေ ဟုတ်လား"

ထိုအခါ သမီးက-

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့မေမေ ဒါက သမီးရဲ့ဘဝဟောင်းက အဖေနဲ့ အမေဖြစ်တဲ့ ဦးညိုမောင်၊ ဒေါ်နွယ်နီလေ" ဟုပြောပြီး "သမီးက စုနန္ဒာလေ..သားကလေးမွေးပြီး ဘဝတစ်ပါး ပြောင်းသွားရသူလေ" ဟု ရှင်းပြသည်။

"သမီးက...သမီးက နန္ဒာလား"

အဘွားကြီးက အသံတုန်တုန်ဖြင့် မေးသည်။

"ဟုတ်ပါတယ် အမေ။ အမေ့သမီးအစစ်ဆိုတာ ဟောဒီ မှဲ့က သက်သေခံမှာပါ"

ဟုပြောရင်း ဗိုက်မှမှဲ့ကို လှန်ပြ၏။

ထိုအခါ အဘွားကြီးက ဝမ်းပန်းတနည်း ဖက်၍ငိုသည်။

"သမီးရယ်...အမေတို့ကို ဒီဘဝအထိရောက်အောင် မမေ့တာ သိပ်ဝမ်းသာတယ်"

ဟုပြောပြီး ဖက်၍ငိုလေသည်။ ဘေးကမြင်ရသည့် ခက်နှင့်မောင်လည်း ရင်ထဲဆို့တက်လာ၏။

အဘိုးကြီးက-

"သမီး...သူ့ကိုကော မှတ်မိလား"

ဟု ကလေးကို လက်ညှိုးထိုးပြ၏။ သမီးက ချက်ချင်း မမှတ်မိပါ။ အသေအချာ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက သမီးသားလေး သမီးရဲ့"

ဟု အဘွားကြီးက ပြော၏။

သမီးသည် ကလေးကို မှတ်မိသွားဟန်ဖြင့် ကလေးကို ထွေးဖက်ပြီး-

"သားရယ်...အမေက သားကိုမွေးပြီး ဘဝတစ်ပါးကို ပြောင်းသွားရတာ။ ချက်ချင်း မမှတ်မိတာ ခွင့်လွှတ်ပါ"

ဟု ဆိုသည်။

"မေမေ"

ဟုခေါ်၏။

"သားရယ်...တို့သားအမိပြန်ဆုံရတာ ဝမ်းသာတယ်"

ဟုပြောရင်း တစ်စုံတစ်ရာကို သတိရဟန်ဖြင့်-

"အမေ ကိုစိုးလွင်ကော"

ဟု မေး၏။ အဘွားကြီးက-

"စိုးလွင် နောက်အိမ်ထောင်ပြုသွားပြီလေ"

ဟု ဆို၏။

သမီး မျက်နှာခက်ထန်သွားသည်။

"ယောက်ျားတွေက တယ်စိတ်ချရပါလား။ မိန်းမသေတာ နဲ့ နောက်အိမ်ထောင်ပြုဖို့ စဉ်းစားတယ်။ ကိုယ့်သား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သမီးကို စောင့်ရှောက်ဖို့ စိတ်မကူးဘူး။ အလကား ယောကျ်ားတွေ"

"ကဲပါ သမီးရယ်၊ ပြီးတာလည်း ပြီးခဲ့ပြီပဲ။ ဒါတွေ မေ့ထားလိုက်ပါ"

"အင်းပေါ့လေ...သမီးကလည်း ဘဝပြောင်းနေပြီဆို တော့ ဘာတတ်နိုင်တော့မှာလဲ။ သားကလေး ကံဆိုး ပါတယ်"

ဟု ညည်းသလိုပြော၏။

ခက်နှင့်မောင်ကမူ ကျောက်ရုပ်လို ငြိမ်သက်နေ၏။ အိပ်မက်တွင် ဆုံတွေ့ရသည့် မိန်းကလေး၏ဝိညာဉ်က မိမိအား ပူးကပ်ကာ လိုက်ခဲ့သည်ပဲဖြစ်မည်ဟု တွေးမိ၏။ လူဝင်စား ဆိုသည့်အဖြစ်ဆန်းအား ခက်ခက်ကိုယ်တိုင် ကြုံခဲ့ပြီမို့ မယုံလို့ လည်း မရတော့။

သမီးကမူ စိတ်ပန်းလူပန်းဖြစ်သွားသည်ကား မသိ၊ နှစ်ခြိုက်စွာ အိပ်ပျော်နေပေပြီ။ မအိပ်နိုင်သူများက ခက်နှင့် မောင်နှင့် ဒေါက်တာမြတ်စိုးတို့ပင် ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



နိဂုံး

"ဒေါက်တာ…သက်မောင်နဲ့တွေ့ခဲ့တာ ဘာအကြောင်း ထူးလဲ"

ဟု မောင်က မေးသည်။

ဒေါက်တာမြတ်စိုးက-

"ထူးခြားတယ်ကွ…သက်မောင်နဲ့ အသေအချာဆွေးနွေး တော့ သူ့သူငယ်ချင်းတွေထဲမှာ စုနန္ဒာဆိုတာ ရှိတယ် တဲ့။ စုနန္ဒာဟာ စိုးလွင်နဲ့အကြောင်းပါပြီး မဟာနန္ဒာ စံအိမ်ကို လိုက်သွားတယ်။ မဟာနန္ဒာမှာ ကလေးမွေးပြီး သေသွားတယ်လို့ ပြောပြတယ်"

ဟု ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သမီးဟာ စုနန္ဒာ သေပြီးဝင်စားတယ်လို့ ဒီလောကမှာ တကယ်ရှိတယ်လေ"

"ထူးဆန်းနေတာက မဟာနန္ဒာအိမ်ကြီးထဲမှာ သေခဲ့တဲ့ စုနန္ဒာဟာ ဘယ်လို ခက်ရှင်ထဲရောက်လာတာလဲ"

"စဉ်းစားနေတာက ဒါပဲလေ"

ထိုစဉ် ခက်က-

"ကျွန်မလည်း ဒါပဲ စဉ်းစားနေတာ။ တစ်ခုရှိတာက ဝိညာဉ်ခြင်း ဆက်နွယ်တာဖြစ်မယ်။ ကျွန်မ ဝိညာဉ် လွင့်မျောပြီး မဟာနန္ဒာစံအိမ်ထဲ ရောက်ချိန်မှာ စုနန္ဒာ သေဆုံးပြီး စုနန္ဒာဝိညာဉ်က ခက်ဝိညာဉ်နဲ့ ပူးကပ်ပါလာ တာဖြစ်မယ်"

ဟု ဝင်ပြောလိုက်သည်။

ဤသို့ ခက်က ပြောလိုက်လျှင် ဒေါက်တာမြတ်စိုးက-

"ဟုတ်တယ်...ကျွန်တော်လည်း ဒါပဲ စဉ်းစားနေတာ" ဟု ပြော၏။

မောင်က "မင်းစဉ်းစားမိတာ ပြောပါဦး" ဟု ဝင်ပြော ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ စဉ်းစားမိတာက တခြားမဟုတ်ဘူးကွ။ စိတ်ပညာနဲ့ နာမ်လောကပညာရှင်တွေက ဝိညာဉ်ချင်း ပူးကပ်ခြင်းနဲ့ ဆက်နွယ်ခြင်းရှိတယ်လို့ဆိုတာ ဖတ်ဖူးတယ်"

"ဒါဆို မင်းဆိုချင်တာက ခက်ဝိညာဉ်ဟာ အိပ်မက်အဖြစ်နဲ့မျောလွင့်ပြီး မဟာနန္ဒာစံအိမ်တွင်းကို ရောက်သွားမယ်။ ဒီအချိန်ဟာ စုနန္ဒာဘဝကူးချိန် ဖြစ်တယ်။ မျောလွင့်လာတဲ့ ခက်ရဲ့ဝိညာဉ်နဲ့အတူ စုနန္ဒာဝိညာဉ်ကူးကပ်သွားတာဖြစ်မယ်လို့ ဆိုချင်တာလား"

ထိုစဉ် ခက်က-

"ခက်လည်း ဒီလိုပဲထင်တယ်။ စုနန္ဒာဝိညာဉ် သူ့ရဲ့ရုပ်ခန္ဓာက ခွာချိန်မှာ ခက်ဝိညာဉ်နဲ့ဆုံပြီး ခက်ဝိညာဉ်နဲ့ပူးကပ်ပါလာပြီး ဘဝတစ်ခုကို ဖန်ဆင်းလိုက်တာဖြစ်နိုင်တယ်"

"ဒီကိစ္စတွေက နက်နဲတဲ့ကိစ္စပဲ ခက်။ ဒါဟာ စိတ်ဝိညာဉ်ရဲ့ ဆန်းကြယ်တဲ့ဖြစ်ရပ်တွေပဲ။ ကိုယ်တွေ့မကြုံရင်တော့ မယုံနိုင်စရာကိစ္စပဲ"

"ခုတော့ ပြောမယုံ ကြုံမှသိလို့ ပြောရမလိုဖြစ်နေပြီ။ ခက်ကိုယ်တိုင် မကြုံရင် ဘယ်လိုယုံစရာရှိမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ ခက်…ဒါကိုပဲ စိတ်ဝိညာဉ်ရဲ့ဆန်းကြယ်မှုလို့ ဆိုတာဖြစ်မှာ"

ဟု ဒေါက်တာမြတ်စိုးက ပြောသည်။

အားလုံးသည် ငြိမ်သက်နေပြီးမှ တိုင်ပင်ထားကြသလို သက်ပြင်းကို ဟင်းခနဲ ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာ...
ကျွန်တော့်ကို ကြောက်တယ်လို့
ပြောချင်ပြော။
နောက်တစ်ခါ
အခြောက်ခံရရင်
သေဖို့ပဲ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



# သရဲခြောက်တဲ့အိမ်

၁။

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းဘဝက နေရာစုံ၊ ဒေသစုံသို့ ရောက်ခဲ့ဖူးသလို ထူးခြားဆန်းကြယ်သည့်အကြောင်းများကိုလည်း ကြုံတွေ့ခဲ့ရ၏။ အချို့က မိတ်ဆွေများကိုယ်တွေ့ ဖြစ်၏။

ထိုစဉ်က ဒီအကြောင်းများသည် ဘာမျှအရေးမပါသည့်အကြောင်းများဟု ထင်ခဲ့သော်လည်း ကျွန်တော်ကိုယ်တိုင် နိုင်ငံ့ဝန်ထမ်းဘဝမှ အနားယူပြီး ဝါသနာပါသည့် စာပေရေးသားခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေတော့ ထိုအကြောင်းများသည် အရေးမပါသည့်အကြောင်းများ မဟုတ်တော့။

အရေးပါသော အဖိုးတန်သောအကြောင်းများ ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



၂။

"ဆရာ...ကျွန်တော့်ကို ဝတ္ထုကလေး ချီးမြှင့်ပါဦး" ဟု မြတ်ချိုက ပြောသည်။

သူက အသက်ငယ်သော်လည်း တိုးတက်သည့်အမြင်ရှိ၏။

အလုပ်ကြိုးစားသူလည်း ဖြစ်၏။

သူ၏စာပေတိုက်မှ ထုတ်သည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်များသည် စာဖတ်ပရိသတ် နှစ်ခြိုက်သည့်စာအုပ်များလည်း ဖြစ်၏။

"အိုကေလေ"

www.burmeseclassic.com

www.burmeseclassic.com



"စနေနေ့ စောင့်နေမယ်နော်"

ကျွန်တော် ခေါင်းညိတ်လိုက်၏။

သို့သော် ကျွန်တော်သည် သူ့ထံမှထွက်ခဲ့သည်အထိ ဘာရေးရမည်ကို မသိသေး။

ဘာရေးရမည်ကို မသိသည်မှာ ကုန်ကြမ်းပြတ်နေ၍ မဟုတ်ပါ။

ဘာရေးရမည်ကို စဉ်းစားမရဖြစ်နေခြင်းသာ ဖြစ်၏။

သို့စေကာမူ ဘာရေးရမည်ကို အသေအချာ စဉ်းစားလိုက်တော့ ရေးစရာအကြောင်းကို ဖျတ်ခနဲ သတိရမိသည်။

"ဟုတ်ပြီ…ငါ သောင်းစိန် ကြုံခဲ့တဲ့အကြောင်းကို ရေးရမယ်။ ဒီအကြောင်းဟာ ဆန်းကြယ်သလို စိတ်ဝင်စားစရာအကြောင်းပဲ"

ဟု တွေးပြီး ရေးရန် ဆုံးဖြတ်လိုက်၏။

ထိုအကြောင်းက…

* * *

www.burmeseclassic.com

www.burmeseclassic.com



၃။

မောင်သောင်းစိန် ပျော်နေမိ၏။

မှန်သည်။

မောင်သောင်းစိန် ပျော်မည်ဆိုပါကလည်း ပျော်စရာပင်။

ဒီကနေ့ မောင်သောင်းစိန် တိုက်ဆေးသုတ်ရန် စရန်ရခဲ့သည်။

မောင်သောင်းစိန်က ဆေးသုတ်သမားတစ်ဦး ဖြစ်၏။ ယခုတစ်လော စီးပွားရေးရာသီဥတု မကောင်းသဖြင့် အလုပ်ပါးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ဒီအလုပ်က ရတာနာ မဟုတ်လား။

ထို့ကြောင့်လည်း မောင်သောင်းစိန်သည် အလုပ်ရလျှင် အမြန်ဆုံး လက်ခံလိုက်ခြင်း ဖြစ်၏။ ယခု မောင်သောင်းစိန် စရန်ယူလိုက်သည်က ခြံနံပါတ် ၁၆ အတွင်းရှိတိုက်အား ဆေးသုတ်ရန် ဖြစ်၏။

ထိုတိုက်ကြီးက တိုက်အိုတိုက်ဟောင်းကြီး ဖြစ်၏။ အင်္ဂလိပ်ရှေးဟောင်းလက်ရာပင်။

တိုက်ကြီးက ထုထည်ကြီး၏။ အရောင်အဆွေးမရှိတော့။ တချို့နေရာတွင် အင်္ဂတေတွေ ကွာနေ၏။

"စိတ်ချ…ကျွန်တော် ရှိုင်းလိုက်ရင် အဟောင်းအညစ်က အကောင်းအသစ် လုံးဝ ဖြစ်သွားစေရမယ်"

သူ ဝံ့ကြွားစွာ ပြောခဲ့၏။

ထို့နောက် မောင်သောင်းစိန်သည် စရန်ယူပြီး အပြန်ခရီးတွင် ဦးလေးအတွက် ရှိုင်ရယ်ဝီစကီတစ်ပြား ဝယ်ပြီး အိမ်ပြန်ခဲ့၏။

ဦးလေးက အပြုံးနှင့်ကြိုနေ၏။

"ရော့…ဒီကနေ့ ဦးလေး လိုအပ်ချက်ကို ကျွန်တော် ဖြည့်ဆည်းနိုင်ပြီ။ လိုရင်လည်း ရှိုးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…တယ်ဟုတ်ပါလား။ မင်း ဘာတွေလာလဲ"

ဟု မေး၏။

"ဒီနေ့ ကျွန်တော် တိုက်တစ်လုံး ဆေးသုတ်ဖို့ အလုပ်ရပြီး စရန်ရခဲ့တယ်"

"ဟုတ်လား…ဘယ်ကတိုက်လဲ"

"ခြံနံပါတ်-၁၆က တိုက်ကြီးလေ"

"ဘာ…"

ဦးလေး ထိတ်လန့်ဟန်ဖြင့် ရေရွတ်လိုက်သည်။ မောင်သောင်းစိန် နားမလည်နိုင်ပေ။

သို့ကြောင့် ဦးလေးကို ကြည့်ပြီး-

"ဦးလေး ဘာဖြစ်တာလဲ။ ဦးလေးကိုကြည့်ရတာ အလန့်တကြားနဲ့ပါလား"

ဟု မေးလိုက်၏။

"မင်း ဒီအိမ်အကြောင်း ဘာသိလဲ"

"ဘာသိဖို့လိုလဲ ဦးလေးရ…သိလည်း မသိချင်ဘူး"

"မသိချင်လို့ မဖြစ်ဘူး သောင်းစိန်…ဒီအိမ်က မကောင်းဆိုးဝါးစံအိမ်ကွ…ဒီအိမ်က သရဲခြောက်တဲ့ အိမ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



မောင်သောင်းစိန် ပြုံးလိုက်သည်။

"ကျွန်တော် မယုံဘူး ဦးလေး။ ဂရုလည်း မစိုက်ဘူး"

ဟု ပြတ်သားစွာ ပြောလိုက်၏။

"ဒုက္ခပဲ သောင်းစိန်…ဒုက္ခပဲ"

ဦးလေးက ညည်းညည်းညူညူနှင့်။ မောင်သောင်းစိန်က ပြုံးလျက်-

"လုပ်မနေနဲ့ ဦးလေး…သောက်မှာသာသောက်။

ကျွန်တော်ကတော့ နက်ဖြန်မနက် အလုပ်စပြီ"

ဟု ပြောလိုက်၏။

တစ်မိုးသောက်ပြီ…

နံနက်မိုးသောက် အလင်းရောက်လျှင် တိုက်ကြီးအား ဆေးသုတ်ရန် ခြံနံပါတ်-၁၆ ဆီသို့ ထွက်ခဲ့၏။

မောင်သောင်းစိန်တို့ အဓိကထား၍ ပထမဆုံး ဆေးသုတ်ရမည်က အတွင်းခန်းများ ဖြစ်၏။

ဆေးသုတ်သောအလုပ်မှာ ကျွမ်းကျင်သောအလုပ် ဖြစ်သော်လည်း ပစ္စည်းပစ္စယ ရှင်းလင်းရန်မှု တစ်ဦးတည်းမနိုင်သဖြင့် တပည့်တစ်ဦးကို ခေါ်ခဲ့ရ၏။

တိုက်ကြီးက ထူထဲခန့်ညားခဲ့ထည်သလို အတွင်း၌လည်း

www.burmeseclassic.com

www.burmeseclassic.com



အဆောင်အခန်းတွေက များပြားလှ၏။

ပစ္စည်းပစ္စယတွေလည်း အပြည့်။

"ကဲ…မောင်တော်ရေ…အရင်ဆုံးလုပ်ရမှာက အခန်းရှင်းဖို့ပဲ။ ကဲ…စကြစို့"

ဒီနေရာတွင် အရေးကြီးသည့်အကြောင်းတစ်ခုအား ပြောပြပါမည်။

ထိုအကြောင်းက အခြားမဟုတ်။

ခြံထဲဝင်ကတည်းက ကြက်သီးတွေ တဖြန်းဖြန်းထ၍ ခေါင်းကြီးနေခြင်းပင်။

ဒါ ဘာကြောင့်ဖြစ်သည်ကို မောင်သောင်းစိန် မသိခဲ့ပါ။ ထားတော့။

မောင်သောင်းစိန် အတွေ့အကြုံကို ဆက်၍ပြောပါမည်။

မောင်သောင်းစိန်နှင့် တပည့်ကျော်မောင်ကော်သည် အလုပ်အမြန်ပြီးစီးရန်အတွက် အခန်းထဲမှ ပစ္စည်းများကို သိမ်းပါသည်။

ပစ္စည်းပစ္စယကလည်းများသဖြင့် ချွေးပြန်အောင် သိမ်းရ၏။

ထိုစဉ်…

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကျယ်လောင်သော တောက်ခေါက်သံကို ကြားရ၏။

ယင်းသမို့ မောင်သောင်းစိန်တို့ဆရာတပည့်နှစ်ယောက် ပြုံးပြုံးပျာပျာ ဖြစ်သွားသည်။

တစ်ဦးမျက်နှာ တစ်ဦးကြည့်ပြီး–

"မောင်ကော်...မင်း တက်ခေါက်သံ ကြားတယ်နော်"

"ဟုတ်တယ် ဆရာ...ကြားလိုက်တယ်။ ဘယ်ကလဲ မသိဘူး"

"ဒါ အရေးမကြီးပါဘူးကွာ...လုပ်စရာရှိတာလုပ်"

ထို့နောက် ဆရာတပည့်နှစ်ယောက် အလုပ်ကို ဆက်လုပ်ကြသည်။

စိတ်တွေက လွင့်နေ၏။

ဦးလေးပြောသည့်စကားတွေ ပြန်လည်ကြားယောင်မိ၏။

"ဒါ...ဒါ...သရဲခြောက်တာများလား"

သူ စဉ်းစားနေစဉ်–

"တောက်"

တက်ခေါက်သံကျယ်ကျယ်ကို ကြားလိုက်ရပြန်၏။

ဒီတစ်ခါ တက်ခေါက်သံက ပထမတက်ခေါက်သံထက်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်ပြီး ပြင်းထန်လှသည်။

အလွန်တရာ ဒေါသကြီးသဖြင့် တောက်ခေါက်လိုက်သံမျိုး။

မောင်သောင်းစိန်တို့ဆရာတပည့်သည် အလွန်တရာ ကြောက်ရွံ့သွားရ၏။

"တက်ခေါက်သံက ကျယ်ပြီး ကြောက်စရာကောင်း တယ် ဆရာ။ ဘယ်ကလဲမသိဘူး"

"တို့နောက်ဘက်ကကွ"

"ဟုတ်တယ် ဆရာ"

ထို့နောက် မောင်သောင်းစိန်တို့ဆရာတပည့် လှည့်ကြည့်လိုက်ရာ ပြောမပြတတ်အောင် ကြောက်ရွံ့သွား၏။

မှန်သည်။

အဖြစ်က မနှစ်ကနဲ့မတူဟု ပြောရမလောက်အောင်ပင်။ ပြောမယုံကြုံမှသိဟု ဆိုရမည်ပင်။ မောင်သောင်းစိန်တို့ ဆရာတပည့်တို့ ဦးခေါင်းတွေ ပုတ်လောက်ကြီးပြီး ကြက်သီး တဖြန်းဖြန်း ထသွား၏။

အဘယ်ကြောင့်ဆိုသော် မောင်သောင်းစိန်တို့ လှည့်ကြည့်လိုက်ချိန်တွင် ဖြူဖြူသဏ္ဍာန်တစ်ခုသည် သုတ်တန်းပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲ ခုန်ချလိုက်သည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

"အား"

"အား"

မျက်စိစုံမှိတ်လိုက်ကာ အော်လိုက်ပြီး ဆရာတပည့်နှစ်ဦး လက်တွဲကာ တိုက်ကြီးပေါ်မှ ပြေးဆင်းခဲ့ရပေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



၄။

မောင်သောင်းစိန်တို့ဆရာတပည့်သည် ဝရုန်းသုန်းကား အပြေးလာရသဖြင့် မောနေ၏။

ရင်က ဖားဖိုထိုးသည့်နှယ်။

အိမ်ရောက်လျှင် ရေတစ်ယောက်တစ်ခွက်စီ သောက်ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ဦးလေးက အပြုံးနှင့် အနားတိုးကပ်လာညပီး-

"ဘယ့်နှယ်…ငါ့တူတို့ သရဲနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့ခဲ့ပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မောင်သောင်းစိန်က-

"ဟုတ်တယ် ဦးလေးရယ်… ပြောမပြောချင်တော့ပါဘူး။ ဒီအတိုင်းဆိုရင်တော့ မလွယ်ဘူး။ ဆက်လုပ်ရင် လိပ်ပြာလွင့်သေဖို့ပဲ ရှိတယ်။ တော်ပြီ…ကျွန်တော် ဒီအလုပ် ဆက်မလုပ်နိုင်တော့ဘူး။ စရန့်ပြန်အမ်းမယ်။ စားစရာမရှိရင် အငတ်နေမယ်။ ကျွန်တော် သရဲနဲ့ ထပ်မတွေ့ချင်တော့ဘူး"

ဟု ပြောသည်။

ပြီးမှ…

"ဟုတ်တယ် ဆရာ…ကျွန်တော့်ကို ကြောက်တယ်လို့ ပြောချင်ပြော၊ ဒီအိမ်ကြီးကို ကျွန်တော် မသွားနိုင်တော့ဘူး။ နောက်တစ်ခါ အခြောက်ခံရရင် သေဖို့ပဲရှိတယ်"

ဟု ပြောလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်စိတ်နှင့်သေလျှင် ပြိတ္တာဖြစ်ရ၏။
ယခုအခေါ် သရဲ ဖြစ်သည်ပေါ့။
ဒေါ်ချယ်က လင်အပေါ် သံယောဇဉ်ကြီးသဖြင့်
မြွေပြိတ္တာ ဖြစ်ခဲ့သည်။
လင်သေသောအခါ
လင်က သစ်ပင်ပေါ်မှ တစ္ဆေ။

www.burmeseclassic.com

www.burmeseclassic.com



# မြေပြိုတ္တာ
# နှင့်
# တစ္ဆေ

၁။

ကျွန်တော့်အား မော်လမြိုင်သားတစ်ဦးက သူတို့မြို့၌ ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်တစ်ခုကို ပြောပြသည်။ ကျွန်တော့်လို ပရလောကသားများဖြစ်သည့် သရဲတစ္ဆေအကြောင်း စူးစမ်းသုတေသနပြုနေသူအတွက် အဖိုးတန်ရတနာတစ်ပါးပင်။

"ဒီဇာတ်လမ်းက မဆန်းပေမယ့် ရိုးတော့မရိုးဘူး ဆရာ" ဟု သူက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကောင်းတာပေါ့ကွ၊ ဘာဖြစ်လို့လဲဆိုရင် လောက
မှာ ဘယ်တော့မှ မရှိနိုင်တာက ရှိသွားခြင်းပေ၊
ငါ စိတ်ဝင်စားပါတယ်"

ဟုပြောမှ သူက ကျေနပ်သလို ပြုံးပြီး ဇာတ်လမ်းကို ပြောပြသည်။

ဇာတ်လမ်းက သားထောက်သမီးခံမရှိသည့် ဒူးရင်းခြံ လုပ်သည့်ဖနီးမောင်နှံအကြောင်း ဖြစ်သည်။ လင်မယား နှစ်ယောက်စလုံးသည် ရိုးသားကြ၏။ ရှာဖွေရသည့်ငွေအား စားတန်တာစား၊ စုတန်တာစု၍ လှူတန်သည်ကို လှူသူများ ဖြစ်၏။

သူတို့အမည်က ဦးသန်း၊ ဒေါ်ချယ် ဖြစ်၏။

လင်မယားနှစ်ဦးစလုံးက စေတနာကောင်းကြ၏။

တာဝန်လည်းသိ၏။ ထို့ကြောင့် ဖနီးမောင်နှံသည် တူဖြစ်သူတစ်ဦးအား သားနှယ်ချစ်ပြီး ကြည့်ရှုစောင့်ရှောက်ထား၏။

တူဖြစ်သူအမည်သည် ကံသာဖြစ်ပြီး အသောက်အစား ဝါသနာကြီးသူ။ လောင်းကစားဝါသနာကြီးသူ ဖြစ်၏။ အထူး သဖြင့် အရက်သောက်၊ ကြက်တိုက်အလုပ်ကို မပြတ်လုပ်သူ။

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားသမားဖြစ်သည့် ကံသာသည် လောင်းကစားသမားဖြစ်သည်နှင့်အညီ ငွေလို၏။ မကြာခဏ ဦးလေးနှင့်အဒေါ်ထံတွင် ငွေချေးတတ်၏။ ပြန်ဆပ်သည်လည်း မရှိ။

ထို့ကြောင့် အဒေါ်ဖြစ်သူက သည်တစ်ခါ ငွေလာချေး လျှင်-

"ကံသာရယ်…မင်း အားနာပါဦး။ မင်း ချေးတာများလှ ပါပြီ။ တစ်ခါမှ ပြန်ပေးတာလည်း မရှိဘူး"

"အဒေါ်ရယ်…ဒီတစ်ခါ ပြန်ဆပ်မှာပါ။ ပေးစမ်းပါ"

"မပေးဘူးဟေ့…မပေးနိုင်တော့ဘူး။ ငါတို့မှာ အသက် လည်းကြီးပြီ၊ တုံးလုံးစာအတွက် ထားရဦးမယ်"

"ကဲပါ အဒေါ်ရယ်…ပေးစမ်းပါ"

"မပေးဘူးဟေ့…မပေးဘူး။ မင်း သွားတော့"

သည်တစ်ခါ ကံသာက မျက်ထောက်နီကြီးနှင့် အဒေါ် ဖြစ်သူကို ကြည့်လိုက်သည်။ လက်သီးလည်း ဆုပ်လိုက်၏။ ပြီးမှ-

"ရတယ်…မပေးလည်းရတယ်။ တစ်နေ့ အဒေါ် ကျွန်တော့်အကြောင်း သိရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ဆင်းသွားသည်။

သည်တော့လည်း ဒေါ်ချယ် စိတ်မကောင်းဖြစ်ရပြန်သည်။ ဒီအကြောင်း ခင်ပွန်းပြန်အလာ ပြောပြတော့-

"ဒီကောင်လေးနောင်ရေးက တွေးရင် ရင်လေးစရာပဲ။ အင်းလေ...မင်းက ဒီလိုအပြတ်ပြောလိုက်တော့ သူ့နောင်တရသင့်သလောက် ရသွားမှာပေါ့"

ဟု ပြောသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၂။

လေးငါးလခန့်အကြာ ဦးသန်း ခရီးသွားစဉ်…

တစ်ည…

ဒေါ်ချယ် ပြဿနာတက်သည်။

"အမလေး…လုပ်ကြပါဦး…အား"

ဆူဆူညံညံ အသံများကြောင့် ရပ်ကွက်မှလူများ ဦးသန်း အိမ် ရောက်လာတော့ နောက်ဖေးဘက်မှ လူတစ်ယောက် ပြေးထွက်သွားသည်ကို တွေ့လိုက်ရ၏။

မည်သူဖြစ်သည်ကိုမူ မည်သူမျှမသိ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲ၌မူ ဒေါ်ချယ်က သွေးအလူးလူးနှင့် လဲကျ သေဆုံးနေသည်ကို တွေ့ရ၏။ ရပ်ကွက်က ချက်ချင်း ရဲစခန်း သတင်းပို့တိုင်ကြားသည်။

ရဲမှ အမှုဖွင့်၍ အမှုကို စုံစမ်းရာ လူသတ်သမားသည် အခြားသူမဟုတ်။ တူတော်သူ ကံသာမှန်း သိသွားပြီး ဥပဒေ ကြောင်းအရ အပြစ်ပေးနိုင်ခဲ့၏။

"သူတို့လင်မယားဟာ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးသလို ဒေါ်ချယ် သေဆုံးပြီးမကြာမီ ဦးသန့်လည်း အူရောင်ကြောရောဂါနဲ့ ဆုံးပါးသွားခဲ့တယ်။ ဒါပေမယ့် ဦးသန့်မသေမီ ထူးခြားတာ အံ့ဩဖွယ် ကောင်းတဲ့အဖြစ်တစ်ခု ကြုံခဲ့တယ်"

"ဘာလဲကွ"

"ဘာလဲဆိုတော့ ဒီအကြောင်းဟာ ဒီဇာတ်လမ်းရဲ့ အသက်လေ"

"အင်း...ပြောပါဦး"

"ပြောရရင် ဦးသန့်မသေခင် ကြုံတွေ့ရတဲ့အဖြစ်က အခြားမဟုတ်ဘူး ဆရာရဲ့...တစ်ညနေ ဦးသန့် ခြံထဲ မှာ သန့်ရှင်းရေးလုပ်နေတုန်း သူ့ခြေထောက်ကို မြွေကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်က ရစ်ပတ်လို့ ဦးသန့် အော်ပြီး လဲကျသွားတယ်။ အဲဒီလို ဦးသန့် လဲကျသွားချိန် ခြံနားကလူတွေ ရောက်လာချိန်မှာ မြွေကြီးက ခြံထဲက ထွက်သွားတယ် ဆရာရဲ့"

"ရော်…ဒါက ထူးခြားတာပဲ"

"ဟုတ်တယ်…ထူးခြားတာက ညရောက်တယ်ဆို အိပ်မက်မက်တယ်လေ။ အိပ်မက်ထဲမှာ ဦးသန့် ဒေါ်ချယ်နဲ့ တွေ့ရတယ်။ ဒေါ်ချယ်က ကိုသန့် ရှင် ညနေက အတော်လန့်သွားသလား။ ကျွန်မ ရှင့်ကို သတိရနေလို့ လာတွေ့တာပါ"

"ဟင်…ဒါ…ဒါဆို မြွေကြီးက မင်းပေါ့"

"ဟုတ်ပါ့ရှင်…မချယ်ပါ။ ကံသာ လောဘသမား သတ်လို့ သေရတဲ့ မချယ်ပါ။ ကျွန်မက ရှင့်အပေါ် ထားတဲ့ သံယောဇဉ်အစွဲကြောင့် ရှင့်ခြံထဲမှာ မြွေပြိတ္တာ ဖြစ်နေတာပါ။ နောင်ဆို ကျွန်မကို မကြောက်နဲ့နော် ကိုသန့်"

ဒါက ကမ္ဘာသဘာဝပင်။ ဒေါ်ချယ်သည် သံယောဇဉ်အစွဲ ကြောင့် မြွေပြိတ္တာ ဖြစ်ခဲ့သည်။ သည်အကြောင်းကိုသိတော့

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့် စိတ်မကောင်းဖြစ်သွားသည်။

မြွေကြီးက ညနေတိုင်း ဦးသန့် တံမြက်စည်းလှည်းရာသို့ ရောက်လာခဲ့သလို ဦးသန့်က နို့တိုက်သည်။ နေဝင်စ မြွေကြီး သစ်ပင်သိုက်သို့သွားမှ သူ အိမ်ပေါ်တက်သည်။

"ချယ်ချယ်ရယ်...မင်းက ကိုသန့်အပေါ် သံယောဇဉ် ကြီးပြီး မခွဲချင်သလို ကိုသန့်လည်း မခွဲချင်ပါဘူး"

ဟု ပြောခဲ့သည်။

ထို့ကြောင့်လားမသိ။ သူ၏ကမ္ဘာသတ္တိနှင့်အတူ သူ သေဆုံးတော့ ဒေါ်ချယ် မြွေသိုက်ရှိသည့် သစ်ပင်၌ တစ္ဆေ ဖြစ်ခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၃။

ဦးသန့်သေပြီး တစ်လအကြာ ရှာသူကြီးက ဦးသန့်၊ ဒေါ်ချယ်နှင့်ပတ်သက်သည့် တူမတစ်ဦးကိုခေါ်ပြီး အမွေခွဲဝေရန် စီစဉ်သည်။

သည်တော့ တူမဖြစ်သူက မျက်ရည်လည်ရွဲနှင့်–

"ဦးနဲ့ဒေါ်ဒေါ်ဟာ မသေခင်က ဓမ္မာရုံဆောက်ဖို့ သိန်းနှစ်ဆယ် စုထားတယ်လို့ ကျွန်မကို အိပ်မက်ပေးသလို သူတို့လင်မယားဟာ မကျွတ်မလွတ်ဘဲ တစ်ဦးက မြွေပြိတ္တာ၊ တစ်ဦးက တစ္ဆေအဖြစ်နဲ့ ခြံထဲက သစ်ပင်ကြီးမှာနေတယ်လို့ သိရတယ်။ ဦးအတွက် သိန်းနှစ်ဆယ်ကို ဓမ္မာရုံဆောက်ဖို့ ဘုန်းကြီးကို လှူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး လျှသည်။

ထို့နောက် မမွာရုံအား အမြန်ဆောက်လုပ်ပြီး ရေစက်ချ အမှုပေးဝေသည်။ ထို့နောက် မြွေကြီးကို မတွေ့ရတော့။ မြွေပြိတ္တာနှင့်တစ္ဆေလင်မယားသည် ကျွတ်တန်းဝင်သွားပြီ ထင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိမိ တွေ့ခဲ့သည့်
ခေါင်းတလား ထမ်းလာသူသည်
မည်သူနည်း။
သူက ဘယ်လိုလူလဲ. . .
သူက လူသားစစ်စစ်မှ ဟုတ်ပါစ. . .။

www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေပူးကပ်ခြင်း

၁။

တစ္ဆေပူးခြင်း၊ ကပ်ခြင်းနှင့်ပတ်သက်၍ လူတွေက လွယ်လွယ်ပြောနေကြသော်လည်း အမှန်တော့မူ အပါယ်လေးဘုံသား သရဲ၊ တစ္ဆေများသည် လူတွေ ပြောကြသကဲ့သို့ လွယ်လွယ်ပူးကပ်ခြင်း၊ ခြောက်လှန့်ခြင်း မပြုသည်ကို သိစေလိုသည်။

တစ်ခါက ကျွန်တော် မိတ်ဆွေကိုသက်ဝင်း သေဆုံးသွားတော့ ကျွန်တော့်အိမ်သို့အပြန် ကိုသက်ဝင်းတို့အိမ်ဘက်သို့ လှမ်းကြည့်ရာ ဖျတ်ကနဲ ကိုသက်ဝင်းကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော် ဝမ်းသာသွားခဲ့သည်။

ကျွန်တော့်စိတ်ထဲတွင် ကိုသက်ဝင်း ကျန်းမာလာ၍ ဆေးရုံကဆင်းလာပြီထင်ခဲ့သည်။ သို့သော် ကျွန်တော့်အထင်နှင့်အမြင် ပါဇင်အောင်လွဲကြောင်း နောက်မှသိရသည်။

ကျွန်တော် အိမ်ပေါ်ရောက်လျှင် ဇနီးက-

"မောင်ရေ...ကိုသက်ဝင်းတော့ ဆုံးသွားရှာပြီ"

ဟု ပြောသည်။

"ဟေ...ဟုတ်လား"

"ဒါထက်နေပါဦး ကိုသက်ဝင်း ဘယ်အချိန်ဆုံးတာလဲ"

"ည ၉ နာရီမှာဆုံးတာတဲ့ မောင်"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ အမှန်ကိုဆိုသော် ကျွန်တော် ကိုသက်ဝင်းအား ဖျတ်ကနဲ တွေ့လိုက်သည်မှာ ည ၉ နာရီအချိန် ဖြစ်၏။

ထိုအချိန်သည် ကိုသက်ဝင်း အသက်ထွက်သွားချိန် ဖြစ်မည်။ ကိုသက်ဝင်း ကျွန်တော့်ကို ခြောက်လှန့်ခြင်းမဖြစ်နိုင်။ ကိုသက်ဝင်း ကျွန်တော့်ကို နှုတ်ဆက်လို၍ ယခုလို ကိုယ်ထင်ပြခြင်း ဖြစ်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၂။

ယင်းကဲ့သို့ပင် ပူးကပ်ခြင်းနှင့်ပတ်သက်၍ ကျွန်တော့်ကိုယ်တွေ့တစ်ခု ပြောပြချင်ပါသည်။ ကျွန်တော့်ဦးကြီးတော်စပ်သူတစ်ဦးနှင့်ပတ်သက်၍ ဖြစ်သည်။

စင်စစ် ကျွန်တော့်ဦးကြီးသည် လူကြီးရောဂါနှင့် ကွယ်လွန်ခြင်း ဖြစ်သည်။ ဦးကြီး ကွယ်လွန်အနိစ္စရောက်သော အခါ ကျွန်တော်တို့သည် မြန်မာ့ရိုးရာစဉ်လာအတိုင်း ဘုန်းကြီးဆွမ်းကပ်ခြင်း၊ အလှူဒါနပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။

သို့သော် ရက်လည်ဆွမ်းကပ်ပြီးနောက် တစ်နေ့၌ ကျွန်တော့်အိမ်၌ ခေတ္တအပန်းဖြေနေစဉ် ရေးကြီးသုတ်ပျာနှင့် လူတစ်ယောက် ရောက်လာ၏။ ဦးချစ်လှိုင် ဖြစ်သည်။

"ကိုမြင့်နောင်...ကိုမြင့်နောင်"

ခေါ်ပြီး အိမ်ပေါ်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုချစ်လှိုင်"

"အခု ကျွန်တော့်အိမ်မှာ ကိုသိန်းကို ဦးကြီးတင်လှိုင် ဝင်ပူးနေလို့ ကိုမြင့်နောင်ကို လာခေါ်တာ"

"ဟင်...ဟုတ်လား"

ကျွန်တော် အံ့ဩရသည်။ ကျွန်တော်ကိုယ်တိုင် ဦးလေးဖြစ်သူ ယခုကဲ့သို့ မကျွတ်မလွတ်ဘဝနှင့် ဝင်ရောက်ပူးကပ်သည့်အတွက် အံ့ဩရသည်။

ကျွန်တော်က ဦးကြီးအတွက် အလှူဒါနပြုပါလျက်နှင့် ဘယ်လိုဖြစ်သနည်း။ ပြီးတော့ ဦးကြီး မသေဆုံးမီ ဘာအမှားများဖြစ်ခဲ့သနည်းဟု တွေးမိ၏။ ထို့နောက် ဦးကြီး ပူးကပ်နေသည့် ကိုသိန်းအိမ်သို့ ကျွန်တော် လိုက်ခဲ့သည်။

* * *

"လာ...မြင့်နောင်...ငါ မင်းကို စောင့်နေတာ"

ကျွန်တော် အိမ်ပေါ်သို့ လှမ်းတက်လိုက်စဉ်မှာပင် ကိုသိန်းက လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ယင်းသို့ လှမ်းပြောလိုက်သည့်အသံကို ကြားရသဖြင့် ကျွန်တော် အံ့ဩရ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းက လှမ်းပြောခဲ့သော်လည်း အသံ ကျွန်တော့်ဦးကြီး ဦးတင်လှိုင်၏အသံ ဖြစ်နေသောကြောင့်တည်း။

ကျွန်တော် ယုံကြည်သွားသလို စိတ်မကောင်းလည်း ဖြစ်သွားရ၏။ ဦးကြီး ဘာ့ကြောင့် မကျွတ်မလွတ်ဘဝသို့ ရောက်သွားသနည်း။ ဒါက စဉ်းစားစရာပင်။

"ဦးကြီးရယ်…ကျွန်တော် ဦးကြီးအတွက် လုပ်သင့် လုပ်ထိုက်တာ လုပ်ခဲ့ပါတယ်။ ဘာဟာကွက်မှ မရှိပါ ဘူး။ ဒီလိုလုပ်ကိုင်လျက်နဲ့ ဦးကြီး ဒီလို ဘာ့ကြောင့် ဒီဘဝ ရောက်ရတာလဲ"

ကျွန်တော် မချိတင်ကဲ မေးလိုက်သည်။

"ဒါက မင်းအပြစ် မဟုတ်ပါဘူး။ မင်းရဲ့သိတတ်မှု ကြောင့် ငါ ငရဲက လွတ်ခဲ့တာပါ။ ငါ့ဘဝ ခုလိုဖြစ်ရ တာက ချစ်စုကလေးကြောင့်ပါ။ ငါ ဝိညာဉ်စွန့်ခွာခါ နီးမှာ ချစ်စုလေးရဲ့ ငိုသံကြားလိုက်ရပြီး ငါ ချစ်စု ငိုသံဥပါဒါန်စွဲကြောင့် ခုလို သရဲဖြစ်ခဲ့ရတာလေ။ ဒီ အတွက် ငါ ဝမ်းမနည်းပါဘူး။ ငါ ငရဲက လွတ်ခဲ့ပြီ မို့ ဒီဘဝက ကျွတ်အောင် မင်း ငါ့ကို ဖေဘဒါနပြု ပေးရင် ကျွတ်လွတ်တဲ့ဘဝရမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် မပူပါနဲ့ ဦးရယ်။ သေသူအတွက် ရှင်သူမှာ တာဝန်ရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော် လုပ်သင့်တာလုပ်ပေးပြီး ဦးကြီး သာခု ခေါ်နိုင်ဖို့ အမျှဝေပေးမှာပါ"

"ကျေးဇူးပါပဲ မောင်မြင့်နောင်ရယ်…ငါ မင်းကို အားကိုး ပါတယ်။ ဒီအကြောင်းပြောချင်လို့ ခုလို ပူးကပ်ရတာ နားလည်ပါ"

ဟု ပြောသည်။

❀ ဦးသိန်းသည် တစ္ဆေပူးကပ်ခံခဲ့ရသော်လည်း ထွက်သွား တော့ ဘာမှမသိ။ ကျွန်တော့်အတွက်မူ တစ္ဆေပူးကပ်ခြင်းနှင့် အတူ အသိတရားတွေ့ရသွားသည်။

တစ္ဆေသရဲဟူသည် အကြောင်းမဲ့ မခြောက်လှန့်တတ် ကြောင်း၊ မပူးကပ်တတ်ကြောင်းနှင့်ပတ်သက်၍ ဖြစ်သတည်း။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com